# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်း တို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်၊ ကြာသပတေးနေ့။ Thursday, 4 December 2025 ၁၂၀၂၁


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြား



## မိမိတို့ဘဝတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ်ဖတ်မှတ်လေ့လာခြင်းဖြင့် နိုင်ငံတော်နှင့် တပ်မတော်က အားထားရပြီး လက်အောက်က အားကိုးရသူများဖြစ်အောင် ဆက်လက်ကြိုးပမ်း

နေပြည်တော် ဒီဇင်ဘာ ၃

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲများက ချီတက်အလေးပြုကြစဉ်။

ကြေးမုံ

# နိုင်ငံတော်ကိုချစ်မြတ်နိုးစိတ်ရှိသည့် ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အဓိကအကောင်အထည်ဖော် ဆောင်ရွက်ကြသူများမှာ နိုင်ငံ့ဝန်ထမ်းများဖြစ်သည်။ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောနိုင်ငံဖြစ်အောင် နိုင်ငံ့ဝန်ထမ်းများက အကောင်အထည်ဖော်ကြသည်။ နိုင်ငံတော်အစိုးရကို ကိုယ်စားပြု၍ နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းရွက်ကြသူများဖြစ်သည်။ ခေတ်အဆက်ဆက် ပြည်သူ့အကျိုးကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသူများမှာ နိုင်ငံ့ဝန်ထမ်းများဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာ ၁ ရက်က ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သို့ ရောက်ရှိစဉ် "နိုင်ငံရေးတွင် အာဏာရပါတီအလိုက်၊ အစိုးရအဖွဲ့အလိုက် မူဝါဒကွဲပြားသွားမည်ဖြစ်သော်လည်း ရုံး/ဌာနများအနေဖြင့် ပြောင်းလဲမှုရှိမည်မဟုတ်ကြောင်း၊ ဝန်ထမ်းအားလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် လျှောက်ထားခဲ့ကြပြီး ရွေးချယ်ခံခဲ့ရသူများဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းဘဝကို ရရှိပိုင်ဆိုင်ခဲ့ကြသူများဖြစ်ကြောင်း၊ ရွေးချယ်ခံဝန်ထမ်းဖြစ်သဖြင့် သာမန်နေ၍ရမည်မဟုတ်ဘဲ အရည်အသွေးရှိသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်အောင် ကြိုးစားအားထုတ်၍ မိမိဘဝတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း" ပြောကြားခဲ့သည်။

အစိုးရအဖွဲ့ဆိုသည်မှာ သက်တမ်းကာလတစ်ခုအတွင်း နိုင်ငံတော်ကို ဦးဆောင်တာဝန်ယူ ဆောင်ရွက်ကြရသူများဖြစ်သည်။ မည်သည့်နိုင်ငံတွင်ဖြစ်စေ အစိုးရအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းများဟူ၍ရှိပြီး အစိုးရက နိုင်ငံရေးအရ ဦးဆောင်မှုပေး၍ မူဝါဒများ ချမှတ်ပေးကာ နိုင်ငံ့ဝန်ထမ်းများက အကောင်အထည်ဖော် ဆောင်ရွက်ကြရသည်။ နိုင်ငံရေးအရ ဦးဆောင်သူများအနေဖြင့် သက်တမ်းကာလအလိုက် အပြောင်းအလဲရှိနိုင်မည်ဖြစ်သော်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ မိမိတို့ဌာနတာဝန်များအလိုက် ဝန်ထမ်းသက်တမ်းကုန်ဆုံးသည်အထိ နိုင်ငံ့တာဝန်ယူထားသည့် အစိုးရအဖွဲ့၏ ရည်မှန်းချက်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရသည်။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဆောင်ပုဒ်အတိုင်း နိုင်ငံတော်မှ ပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းရွက်ကြရသည်။ အရည်အချင်း၊ အရည်အသွေးပြည့်ဝသော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်လာစေရန်အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ကို ဆိုရှယ်လစ်ခေတ်တွင် စတင်ဖွင့်လှစ်၍ နိုင်ငံ့ဝန်ထမ်းများကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။ နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံရေးတွင် တူညီသည့်သဘောထားများဖြစ်စေရန်၊ ရုံးလုပ်ငန်းစည်းမျဉ်းစည်းကမ်းများအား စည်းစနစ်တကျဖြင့် တစ်ပြေးညီဖြစ်စေရန်အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ သို့သော် နိုင်ငံ့ဝန်ထမ်းဦးရေအရ လုံလောက်မှုမရှိသဖြင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်ကို တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

နိုင်ငံ့ဝန်ထမ်းများအား သတ်မှတ်ထားသည့်သင်တန်းများ တက်ရောက်ပြီးမှသာ ရာထူးတိုးမြှင့်ခြင်းများကို ဆောင်ရွက်ပေးမည်ဟု သတ်မှတ်ထားသည်။ အဓိကအားဖြင့် ဝန်ကြီးဌာနအားလုံးရှိနိုင်ငံ့ဝန်ထမ်းများအားလုံး ပုံစံတကျဖြစ်စေရန်အတွက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များအား ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်သည်။ နိုင်ငံသားတိုင်းအနေဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အထောက်အကူပြုမည့် အခြေခံစစ်ပညာဘာသာရပ်များကို ထည့်သွင်းသင်ကြား လေ့ကျင့်ပေးလျက်ရှိသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံရေးအရ အတွေးအခေါ်အယူအဆများ၊ သက်ဆိုင်ရာဘာသာရပ်များ၊ ရုံးလုပ်ငန်းများကို စနစ်တကျတတ်မြောက်ကျွမ်းကျင်သည့်အပြင် ကာကွယ်ရေးအတတ်ပညာများကိုပါ သင်ကြားပေးခြင်းအားဖြင့် နိုင်ငံတော်ကို ဘက်စုံအထောက်အကူပြုနိုင်သော နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်လာမည်ဖြစ်သည်။

အခြေခံစစ်ပညာရပ်များကို ထည့်သွင်းသင်ကြားပေးခြင်းအားဖြင့် အမိန့်နာခံတတ်မှု၊ စည်းကမ်းစနစ်တကျဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်မှု၊ အစုအဖွဲ့စနစ်ဖြင့် စုစည်းညီညွတ်သည့် စိတ်ဓာတ်များဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာမည်ဖြစ်သည်။ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆိုသည့်အတိုင်း ဝန်ထမ်းများ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စေရေးနှင့် ပါတီနိုင်ငံရေး ကင်းရှင်းသည့် ဝန်ထမ်းများ၊ နိုင်ငံကို ချစ်မြတ်နိုးသည့် စိတ်ရှိသည့် ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်သင်ကြားသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ခေတ်အဆက်ဆက်ကို ဖြတ်သန်းပြီး နိုင်ငံတော်၏အကျိုးကို ထမ်းရွက်ကြသူများဖြစ်သည်။ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို မှန်မှန်ကန်ကန် သိရှိနားလည်ပြီး နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် ထမ်းရွက်ကြရမည့်သူများဖြစ်ရာ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည် ဆောင်ပုဒ်အတိုင်း ဝန်ထမ်းအရည်အချင်း၊ အရည်အသွေးပြည့်ဝအောင် ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတော်နှင့် ပြည်သူကို တာဝန်ကျေပွန်စွာ အလုပ်အကျွေးပြုကြရမည်ဖြစ်ပါကြောင်း။ ။




## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင် ဆောင်ရွက်ရေး။

## ၃ - ၁၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ


- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃ - ၁၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၁၅၀ | ၁,၂၇၆,၀၀၀ |
| MTSH | ၃,၆၀၀ | ၃,၆၀၀ | ၅၉၇ | ၂,၁၄၉,၂၀၀ |
| MCB | ၇,၈၀၀ | ၈,၀၀၀ | ၁,၉၂၄ | ၁၅,၁၅၉,၈၀၀ |
| FPB | ၂,၂၀၀ | ၂,၃၀၀ | ၃,၄၃၇ | ၇,၇၂၅,၄၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၁ | ၃,၀၀၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၈၁၅ | ၁,၃၄၅,၅၀၀ |
| AMATA | ၃,၆၅၀ | ၃,၆၅၀ | ၈ | ၂၉,၂၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၇၁၃ | ၂,၂၁၀,၃၀၀ |
| MADPL(PLB) | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၂၅၉ ဗိုလ်လောင်းမြတ်သီဟအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၂၂၄ ဗိုလ်လောင်း ဟိန်းဝေလင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဗိုလ်လောင်း တပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၆၇)မှ အောင်စစ်သည်ဆု ရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၂၅၉ ဗိုလ်လောင်းမြတ်သီဟ၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၂၂၄ ဗိုလ်လောင်း ဟိန်းဝေလင်း၊ စာပေထူးချွန်ဆု (ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၂၂၅ ဗိုလ်လောင်းတင့်အောင်ထူး၊ စာပေထူးချွန်ဆု(သိပ္ပံ)ရရှိသူ ဗိုလ်လောင်း အမှတ် ၃၆၂၇၀ ဗိုလ်လောင်း ဟိန်းထက်နိုင်၊ စာပေထူးချွန်ဆု(ကွန်ပျူတာ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၂၁၄ ဗိုလ်လောင်း ထက်ဝေယံအောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။ **(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းကို စာမျက်နှာ ၅ တွင် သီးခြား ဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြ အခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြ အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုး မဟာသရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင်သည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းငါးဦးနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

**စာမျက်နှာ ၄ သို့** ☆

**❖ ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်လုံးတွင်လည်း စဉ်ဆက်မပြတ်သည့် ကြိုးစားအားထုတ်မှုများဖြင့် မိမိတို့ဘဝ တိုးတက်မှုရှိစေရေး ဆောင်ရွက်သွားကြရန်လို**

**❖ မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ခြင်း၊ စစ်သားကောင်းတစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံခြင်းအားဖြင့်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ရမည်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စာပေထူးချွန်ဆု(ဝိဇ္ဇာ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၂၂၅ ဗိုလ်လောင်းတင့်အောင်ထူးအား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၃ မှ

ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ထူးချွန်ဆုရသူများအနေဖြင့် သင်တန်းတက်ရောက်ရသည့် လေးနှစ်တာကာလ တစ်လျှောက်လုံး စာပေကဏ္ဍ၊ လေ့ကျင့်ရေး ကဏ္ဍတို့တွင် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ခဲ့မှု၊ စည်းကမ်းကောင်းမွန်မှုတို့ကြောင့် ယခုကဲ့သို့ ထူးချွန်ဆုများ ရရှိခဲ့ကြခြင်းဖြစ်သဖြင့် ချီးကျူးအသိအမှတ်ပြုကြောင်းနှင့် မိဘဆွေမျိုးများနှင့် ထပ်တူဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီး တစ်လျှောက်လုံး တွင်လည်း စဉ်ဆက်မပြတ်သည့် ကြိုးစားအားထုတ်မှုများဖြင့် မိမိတို့ဘဝတိုးတက်မှုရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုကဲ့သို့ ထူးချွန် ထက်မြက်သူများ ဖြစ်လာစေရေး ငယ်စဉ်ကတည်းက ကျွေးမွေးပြုစုပျိုးထောင်ပေးခဲ့သည့် မိဘများ၏ကျေးဇူးများ၊ အသိပညာများရရှိစေရေး သင်ကြားပေးခဲ့သည့် ဆရာ ဆရာမများ၏ ကျေးဇူးများကို သိတတ်ရန်နှင့် ကျေးဇူးဆပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတူ ဗိုလ်လောင်း သင်တန်း လေးနှစ်တာကာလ အတွင်း တပ်မတော်၏ခေါင်းဆောင်ငယ်များဖြစ်လာစေရေး လေ့ကျင့်မွေးထုတ်ပေးခဲ့သည့် တပ်မတော်နှင့် အမိစစ်တက္ကသိုလ်၏ ကျေးဇူးကိုလည်း မမေ့ရန်လိုကြောင်း၊ မိဘများ၏စကားကို နားထောင်ခြင်း၊ မိဘကို စိတ်ချမ်းသာအောင် ထားရှိခြင်း၊ မိမိတတ်နိုင်သရွေ့ ကျွေးမွေး စောင့်ရှောက်ခြင်းတို့သည် မိဘကျေးဇူးကို ဆပ်ခြင်းပင်ဖြစ်သကဲ့သို့ မိမိကိုယ်ကိုထိန်းသိမ်းနေထိုင်ခြင်း၊ စစ်သားကောင်း တစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံခြင်း အားဖြင့်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်ကို မြှင့်တင်ရမည်ဖြစ်ကြောင်း။



နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်း သာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း ငါးဦးနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

**ဆက်လက်ဆည်းပူးလေ့လာ**

တပ်မတော်၌ တာဝန်ထမ်းဆောင်စဉ် ဆက်လက်တက်ရောက်ရမည့် သင်တန်းအဆင့်ဆင့်၌လည်း အမှန်တကယ်တတ်မြောက်အောင် သင်ယူအားထုတ်၍ ဘဝတက်လမ်းတစ်လျှောက် အထောက်အပံ့ကောင်းများရရှိအောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ယနေ့ခေတ်သည် နည်းပညာများ စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့်အတွက် မိမိတို့ဘဝတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် ဖတ်မှတ်လေ့လာခြင်းဖြင့် ဆက်လက် ဆည်းပူးလေ့လာပြီး နိုင်ငံတော်နှင့် တပ်မတော်က အားထားရပြီး လက်အောက်က အားကိုးရသူများ ဖြစ်အောင် ဆက်လက် ကြိုးပမ်းသွားကြစေလိုကြောင်း။

မိမိတို့အတွက် အကျိုးမဖြစ်စေမည့် အသောက်အစား၊ အပျော်အပါးများကိုလည်း မိမိကိုယ်တိုင်ရှောင်ကြဉ်ကြရန်လိုသကဲ့သို့ မိမိလက်အောက် ငယ်သားများကို ထိန်းသိမ်းကြရန် လိုကြောင်း၊ မိမိကိုယ်ကို တန်ဖိုးထားရန်၊ မိမိလက်အောက်ကို တန်ဖိုးထားရန်နှင့် မဖြစ်သင့်မဖြစ်ထိုက်သည်များကို မဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိကိုယ်ကို၊ မိမိအဖွဲ့အစည်းနှင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ ပေးအပ်သည့် တာဝန်များကို အောင်မြင်ကျေပွန်စွာ ထမ်းဆောင်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် တပ်မတော်အကျိုးကို ဆောင်ရွက်ခြင်းပင် ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။

## မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် ဆင်သေရေသောက်စနစ်နှင့် ရာဂီမုန်တိုင်းကြောင့် ထိခိုက်ခဲ့သည့် ပွဲစားရေလွှဲဆည် ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃**

မန္တလေးငလျင်ကြီးကြောင့် နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေရေသောက်စနစ်တွင် တူးမြောင်းနှင့် ရေပေးအဆောက်အအုံများ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ရာ နွေသီးနှံများအား စိုက်ပျိုးရေပေးဝေနေသည့် ရာသီချိန်ဖြစ်သဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု မထိခိုက်စေရေးအတွက် အရေးပေါ်ယာယီပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့၍ ၂၀၂၄-၂၀၂၅ ခုနှစ် ဆည်ရေပေးရာသီတွင် နွေးစပါး ၈၉၃၄ ဧက၊ အခြားသီးနှံ ၁၉၁၉ ဧကနှင့် မိုးစပါး ၁၀၉၆၃ ဧက စိုက်ပျိုးရေ ပေးဝေစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါ အခိုင်အမာ ပြန်လည်ပြင်ဆင်နေမှုများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက လာမည့် နွေသီးနှံ ရေပေးဝေရာသီအမီ အခိုင်အမာပြင်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သတ်မှတ်ဒီဇိုင်း ပုံစံများအတိုင်း အရည်အသွေးပြည့်မီစွာဆောင်ရွက်ရန်၊ နွေသီးနှံရာသီအမီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ စိုက်ပျိုးရေပေးဝေချိန်တွင် ထပ်မံပျက်စီးမှု မဖြစ်ပေါ်စေရေးအတွက် ဦးစားပေးထိန်းသိမ်းရမည့် အပိုင်းများကို လိုအပ်သလို ကြိုတင်ကာကွယ်ဆောင်ရွက်ကြရန် ဖြည့်စွက် ဆွေးနွေးမှာကြားသည်။



ဆင်သေဆည်ရေသောက်စနစ်၌ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းစုစုပေါင်း ၃၈ ခု ဆောင်ရွက်ရမည်ဖြစ်ပြီး ၂၁ ခုမှာ ဆောင်ရွက်ပြီးစီး၍ ဆောင်ရွက်ဆဲ ၁၀ ခုရှိပြီး ဆောင်ရွက်ရန် ခုနစ်ခု ကျန်ရှိကြောင်း သိရသည်။ ယခုနှစ် ၂၀၂၅-၂၀၂၆ ခုနှစ် ဆည်ရေပေးရာသီတွင် နွေစပါး ၈၉၃၄ ဧကကျော်၊ အခြားသီးနှံ ၂၆၄၆ ဧကကျော် စုစုပေါင်း ဧက ၁၁၅၈၀ ကို စိုက်ပျိုးရေပေးဝေရန် လျာထားလျက်ရှိပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဆင်သေရေလှောင်တမံ အပါအဝင် ရေလှောင်တမံ ၁၂ ခု၌ စိုက်ပျိုးရေအတွက် ပြည့်စုံလုံလောက်စွာ သိုလှောင်ထားရှိပြီးဖြစ်သဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သီးထပ်စွမ်းအားတိုးမြှင့် စိုက်ပျိုးနိုင်ရေးပြင်ဆင်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆင်သေရေလွှဲဆည်အစား နေရာပြောင်းရွှေ့တည်ဆောက်မည့် တပ်ကုန်းမြို့နယ် သရက်ကွင်းကျေးရွာအနီးရှိ ဆင်သေရေလွှဲဆည်(အသစ်) တည်ဆောက်မည့်နေရာသို့ ရောက်ရှိရာ တာဝန်ရှိသူများက ဆင်သေရေလွှဲဆည်(အသစ်) အတည်ပြုဒီဇိုင်းပုံစံများ၊ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများ၊ ရေလွှဲဆည် အူကြောင်း (Alignment) ရွေးချယ်ထားမှု အခြေအနေများကိုရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အတည်ပြု ဒီဇိုင်းပုံစံများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားပြီး သတ်မှတ်ဒီဇိုင်း စံချိန်စံညွှန်းများနှင့်အညီ အမြန်ဆုံးစတင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အကြိုတည်ဆောက်ရေးလုပ်ငန်းများကို ကြိုတင်လျာထားစီမံထားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရာဂီမုန်တိုင်းကြောင့် ထိခိုက်ခဲ့သည့် တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာအနီးရှိ ပွဲစားရေလွှဲဆည် အခိုင်အမာ ပြန်လည်ပြုပြင်နေမှုနှင့် ရေသောက်စနစ် ပြုပြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန်၊ တည်ဆောက်ပြီးကာလ ရေလွှဲဆည် ရေရှည်တည်တံ့ အစဉ်ကောင်းမွန်စေရေးအတွက် ရေလွှဲဆည်၏ လုပ်ထုံးလုပ်နည်းများ (Rule and Regulation) အတိုင်း အချိန်ကိုက်လည်ပတ်နိုင်ရေး စနစ်တကျထိန်းသိမ်းဆောင်ရွက်ကြရန်၊ သဲနုန်းများပို့ချမှု လျော့ပါးစေရေးအစီအမံများ စူးစမ်းလေ့လာတင်ပြကြရန်နှင့် နည်းပညာပိုင်းဆိုင်ရာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခေတ်မီတပ်မတော်တည်ဆောက်ရာမှာ ပညာရည်မြင့်မားရေးဟာ လွန်စွာအရေးကြီးတာကြောင့် တပ်မတော်အနေနဲ့ အရာရှိ၊ စစ်သည်အားလုံးရဲ့ ပညာရည်မြင့်မားရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိ

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇) သင်တန်းဆင်းပွဲအခမ်းအနားတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း

**ရဲဘော်တို့**

ဒီနေ့ဟာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇)ရဲ့ သင်တန်းဆင်းတဲ့နေ့ ဖြစ်သလို အမိစစ်တက္ကသိုလ်မှာ စာပေပညာ၊ စစ်ပညာတွေကို သင်ကြားတတ်မြောက်ခဲ့ပြီးဖြစ်လို့ ရဲဘော်တို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ရင်း၊ တပ်ဖွဲ့ အသီးသီးမှာ ခေါင်းဆောင်ငယ်တွေအဖြစ် တပ်မတော်က စတင်တာဝန်ပေးအပ်တဲ့နေ့လည်း ဖြစ်တယ်။ ဒါကြောင့် ဒီနေ့ဟာ ရဲဘော်တို့အတွက် ဘဝမှတ်တိုင်သစ် စိုက်ထူနိုင်တဲ့နေ့ဖြစ်တဲ့အပြင် နိုင်ငံတော်နဲ့ တပ်မတော်အတွက်လည်း ခွန်အားသစ်တွေ တိုးပွားတဲ့ နေ့ထူးနေ့မြတ်ဖြစ်ကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားလိုတယ်။

**ရဲဘော်တို့**

အမိစစ်တက္ကသိုလ်ကြီးကနေ **“တပ်မတော် (ကြည်း၊ ရေ၊ လေ) အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့်အရာရှိကောင်းများ မွေးထုတ်ပေးရန်”** ဆိုတဲ့ ရည်ရွယ်ချက်နဲ့အညီ ရဲဘော်တို့ကို တပ်မတော်ရဲ့ခေါင်းဆောင်ငယ်များ အဖြစ် မွေးထုတ်ပေးခဲ့ပြီးဖြစ်တယ်။ ဒီလိုကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေနဲ့ မွေးဖွားလာတဲ့ ရဲဘော်တို့ဟာ တာဝန်ကျရာ တပ်အသီးသီးမှာ ပေးအပ်လာတဲ့ တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်ရင်း **“သစ္စာ၊ သူရ၊ သိပ္ပ”** အရာမှာ စံတင်ဂုဏ်ပြုထိုက်သူများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

**ရဲဘော်တို့**

တပ်မတော်ရဲ့ အဓိကလုပ်ငန်းကြီး သုံးခုကို စတင်ထမ်းဆောင်ကြရတော့မယ့် ရဲဘော်တို့ဟာ ခေါင်းဆောင်မှုပညာရပ်ကိုလည်း နားလည်တတ်ကျွမ်းထားဖို့လိုအပ်တယ်။ **ခေါင်းဆောင်မှုဆိုတာ မွေးရာပါ အရည်အချင်းမဟုတ်ဘဲ ကိုယ်တိုင် လေ့လာ၊ ကျင့်ကြံ၊ ကြိုးစားအားထုတ်ပြီး ရယူရတာ ဖြစ်**လို့ ရဲဘော်တို့အနေနဲ့ တပ်မတော်မှာပြဋ္ဌာန်းထားတဲ့ ခေါင်းဆောင်မှု အင်္ဂါရပ်(၁၆)ရပ်နဲ့ ကိုက်ညီအောင် ကိုယ်တိုင်ကြိုးစား လုပ်ဆောင်သွားကြရမှာဖြစ်တယ်။ အထူးသဖြင့် ခေါင်းဆောင်လုပ်သူဟာ လက်အောက်ငယ်သားတွေရဲ့ စိတ်ဓာတ်နဲ့စွမ်းရည်ကို စနစ်တကျစုစည်းပြီး ပေးအပ်လာတဲ့ ရည်မှန်းချက်တာဝန်တွေကို အောင်မြင်အောင် ထမ်းဆောင်ကြရမှာ ဖြစ်တာကြောင့် ရဲဘော်တို့အနေနဲ့ မိမိ ခေါင်းဆောင်ရတဲ့အဖွဲ့အစည်းကို အမြဲစည်းလုံးညီညွတ်မှုရှိနေအောင် ဆောင်ရွက်ကြရမှာဖြစ်တယ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၆၇) သင်တန်းဆင်းပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ တပ်ဖွဲ့ဝင်တစ်ဦးချင်းစီရဲ့ စိတ်နေသဘောထား၊ လုပ်ဆောင်နိုင်စွမ်းများနဲ့ အားနည်းချက်/ အားသာချက်များကို သိရှိအောင်လေ့လာပြီး လူမှန်/ နေရာမှန် တာဝန်ပေးအပ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်ရမှာဖြစ်သလို လက်အောက်ငယ်သားတွေကို ကျောသားရင်သား မခွဲခြားဘဲ ညီညွတ်မျှတစွာ ကွပ်ကဲအုပ်ချုပ်သွားရမှာလည်းဖြစ်တယ်။ ဒါ့အပြင် လက်အောက်ကို မှန်ကန်တဲ့ ခေါင်းဆောင်မှုပေးနိုင်ဖို့ဆိုရင် ရဲဘော်တို့မှာ တည်ကြည်ရိုးသားမှုနဲ့ ဖြောင့်မတ်မှန်ကန်တဲ့ ကိုယ်ကျင့်တရားရှိဖို့လည်းလိုအပ်တယ်။

**မည်သည့်လုပ်ငန်းတာဝန်မဆို ရိုးသားတဲ့ စိတ်ကိုအခြေခံပြီး မှန်ကန်စွာ လုပ်ဆောင်မှသာ အောင်မြင်မှုရရှိနိုင်မှာဖြစ်**တယ်။ မရိုးဖြောင့်တဲ့ စိတ်နဲ့လုပ်တဲ့ လုပ်ငန်းတိုင်းဟာ အောင်မြင်မှု မရနိုင်တဲ့အပြင် ရှက်ဖွယ်ကောင်းတဲ့ လုပ်ရပ်များသာ ဖြစ်ပြီး ရဲဘော်တို့ရဲ့ခေါင်းဆောင်မှုကိုလည်း ကျဆင်းစေမှာဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ နိုင်ငံတော်အပေါ်၊ တပ်မတော်၊ တပ်ရင်း/တပ်ဖွဲ့နဲ့ လုပ်ဖော်ကိုင်ဖက်တွေအပေါ်မှာ ရိုးသားဖြောင့်မတ်စွာ တာဝန်ထမ်းဆောင်ပြီး အခက်အခဲ အကျပ်အတည်းနဲ့ ရင်ဆိုင်ကြုံတွေ့ရချိန်တိုင်းမှာ မှတ်ကျောက်အတင်ခံနိုင်တဲ့ ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

**ရဲဘော်တို့**

**နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှု၊ ဆုတ်ယုတ်မှုတို့ဟာအဲဒီနိုင်ငံမှာမှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားတွေရဲ့ ကြိုးစားအားထုတ်မှု၊ စည်းကမ်းလိုက်နာမှုနဲ့လည်း အများကြီးသက်ဆိုင်**တယ်။ အလားတူပဲ အဖွဲ့အစည်းတစ်ခုရဲ့ အောင်မြင်မှု၊ ကျရှုံးမှုတို့ဟာလည်း အဲဒီအဖွဲ့အစည်းအတွင်းမှာ ပါဝင်ဆောင်ရွက်နေသူတွေရဲ့ ကြိုးစားအားထုတ်မှု၊ စည်းကမ်းလိုက်နာမှုအပေါ်မှာ များစွာမူတည်နေတာ တွေ့ရတယ်။ ဒို့တပ်မတော်အနေနဲ့လည်း ယနေ့အချိန်အထိ မယိမ်းမယိုင် ရပ်တည်နိုင်ခြင်းဟာ ခေတ်အဆက်ဆက် တပ်မတော်သားတွေရဲ့ စည်းကမ်းလိုက်နာမှုနဲ့ အမိန့်နာခံတတ်မှုတို့ကြောင့်ပဲ ဖြစ်တယ်။ ဒါကြောင့် ဒို့တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေကို လက်ဆင့်ကမ်းထိန်းသိမ်းကြရမယ့် ရဲဘော်တို့ဟာ စည်းကမ်းအရာမှာ စံနမူနာပြ လိုက်နာကြဖို့လိုအပ်တယ်။

**စည်းကမ်းဆိုရာမှာ အကြမ်းဖျင်းအားဖြင့် တိုက်တွန်းချက် စည်းကမ်း၊ တားမြစ်ချက် စည်းကမ်းဆိုပြီး နှစ်မျိုးရှိ**တယ်။ တိုက်တွန်းချက် စည်းကမ်းဆိုတာကတော့ ရဲဘော်တို့ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်တာကိုလုပ်ကြဖို့ တိုက်တွန်းထားတဲ့ စည်းကမ်းတွေဖြစ်ပြီး တားမြစ်ချက် စည်းကမ်းဆိုတာကတော့ ရဲဘော်တို့ မလုပ်ဆောင်သင့် မလုပ်ဆောင်ထိုက်တာကို မလုပ်ကြဖို့ တားမြစ်ထားတဲ့ စည်းကမ်းတွေပဲဖြစ်တယ်။ အထူးသဖြင့် ဒို့တပ်မတော်မှာ ပြဋ္ဌာန်းထားတဲ့ စစ်သည်တော် ကျင့်ဝတ်အပါး (၆၀) ဟာ ရဲဘော်တို့ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်တာကို တိုက်တွန်းထားတဲ့ စည်းကမ်းချက်တွေဖြစ်လို့ ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ လိုက်နာသွားကြရမှာ ဖြစ်တယ်။ တပ်မတော်အက်ဥပဒေမှာ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့ ပြစ်မှု ၄၁ မျိုးနဲ့သက်ဆိုင်တဲ့ ပုဒ်မတွေကတော့ မလုပ်ဆောင်သင့် မလုပ်ဆောင်ထိုက်တာတွေကို တားမြစ်ထားတဲ့ စည်းကမ်းတွေဖြစ်တာကြောင့် ရဲဘော်တို့အနေနဲ့ အထူးရှောင်ကြဉ်သွားကြရမှာ ဖြစ်တယ်။ ဒါ့အပြင် တပ်မတော်သားတွေဖြစ်တဲ့ ရဲဘော်တို့ဟာ တပ်မတော်က ချမှတ်ပြဋ္ဌာန်းထားတဲ့ စစ်မြေပြင် စည်းကမ်းတွေ၊ လုပ်ငန်းခွင် စည်းကမ်းတွေကို လေးစားလိုက်နာကြရမှာဖြစ်သလို နယ်ဘက်ဆိုင်ရာ စည်းကမ်းဥပဒေတွေကိုလည်း လေးစားလိုက်နာသွားကြဖို့ အလေးထား မှာကြားလိုတယ်။

**ရဲဘော်တို့**

လေ့ကျင့်ရေးဆိုတာ **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဆိုတဲ့ တပ်မတော်ရဲ့လုပ်ငန်းစဉ်သုံးရပ်မှာ အဓိကကျတဲ့ အခန်းကဏ္ဍက ပါဝင်လျက်ရှိသလို ဒို့တပ်မတော်ရဲ့ မြဲသုံးမြဲနဲ့ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်မှာလည်း ပထမဆုံးအချက်အနေနဲ့ ဦးစားပေး ထည့်သွင်းဖော်ပြထားတာကို တွေ့ရှိရမှာပဲ ဖြစ်တယ်။ ရဲဘော်တို့ နေ့စဉ်လုပ်ဆောင်နေရတဲ့၊ လုပ်ဆောင်ဖို့ စည်းကမ်းနဲ့အညီ သတ်မှတ်ထားတဲ့ သမားစဉ်လုပ်ငန်းများကို လိုက်ပါ၊ လိုက်နာလုပ်ဆောင်ခြင်းဟာ တစ်နည်းတစ်ဖုံအားဖြင့် လေ့ကျင့်နေခြင်းပဲဖြစ်တယ်။ တစ်နည်းအားဖြင့် ပြောရရင်ဒို့တပ်မတော်ရဲ့အရေးကြီးဆုံးလုပ်ငန်းဟာ လေ့ကျင့်ရေးပဲ ဖြစ်တယ်။ ရဲဘော်တို့အနေနဲ့ မိမိတို့တစ်ဦးချင်းရဲ့ အရည်အသွေးနဲ့ အရည်အချင်းတွေ တိုးတက်စေဖို့သာမက မိမိကွပ်ကဲအုပ်ချုပ်ရတဲ့ တပ်ဖွဲ့ဝင်တွေရဲ့ အရည်အသွေးနဲ့ အရည်အချင်းတွေကိုပါ တိုးတက်နေစေဖို့အတွက် လေ့ကျင့်မှုတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမှာပဲဖြစ်တယ်။

မိမိကို ပေးအပ်လာတဲ့တာဝန်တွေ ကျေပွန်အောင် ဆောင်ရွက်နိုင်ဖို့အတွက် ကျန်းမာကြံ့ခိုင်နေဖို့လည်း လိုအပ်တယ်။ ဒါကြောင့် နေ့စဉ်ပုံမှန်လုပ်ဆောင်ရမယ့် ကြံ့ခိုင်ရေးလေ့ကျင့်ခန်းတွေကို မှန်မှန်ကန်ကန်လုပ်ဆောင်ကြဖို့လိုသလို ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်တဲ့ အရက်၊ ဆေးလိပ်နဲ့ ကွမ်း သုံးစွဲခြင်းတွေကို ရှောင်ရှားကြဖို့ တိုက်တွန်း မှာကြားလိုတယ်။

**ရဲဘော်တို့**

မျက်မှောက်ခေတ်ကာလရဲ့ တိုးတက်လာတဲ့ နည်းပညာနဲ့ ခေတ်မီစစ်လက်နက်ပစ္စည်းတွေဟာ စစ်မှုရေးရာတွေကို ပြောင်းလဲလာစေပြီး ပထဝီဝင်ကန့်သတ်ချက်တွေကိုပါ ကျော်လွန်လုပ်ဆောင်နိုင်နေပြီဖြစ်တယ်။ ယခင်က လူ/လက်နက်အင်အားနဲ့ သမားရိုးကျစစ်နည်းဗျူဟာ စတာတွေကို အခြေခံခဲ့တဲ့ စစ်မြေပြင်ကနေ ယနေ့ခေတ်မှာတော့ **ဒရုန်းကဲ့သို့ နည်းပညာမြင့် စစ်လက်နက်ပစ္စည်းများ လွှမ်းမိုးလာတဲ့အပြင် ဉာဏ်ရည်တုနည်းပညာ(AI)၊ ဆိုက်ဘာ၊ အာကာသနဲ့ သတင်းအချက်အလက်ကဲ့သို့ စစ်ဆင်မှုနယ်ပယ်များ** ပိုမိုကျယ်ပြန့်လာတာကိုလည်း တွေ့ရှိရတယ်။

**စာမျက်နှာ ၆ သို့** ★

★ **ခေါင်းဆောင်မှုဆိုတာ မွေးရာပါ အရည်အချင်းမဟုတ်ဘဲ ကိုယ်တိုင် လေ့လာ၊ ကျင့်ကြံ၊ ကြိုးစားအားထုတ်ပြီး ရယူရတာဖြစ်**

★ **မည်သည့်လုပ်ငန်းတာဝန်မဆို ရိုးသားတဲ့စိတ်ကိုအခြေခံပြီး မှန်ကန်စွာ လုပ်ဆောင်မှသာ အောင်မြင်မှုရရှိနိုင်မှာဖြစ်**

★ **နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှု၊ ဆုတ်ယုတ်မှုတို့ဟာ အဲဒီနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားတွေရဲ့ ကြိုးစားအားထုတ်မှု၊ စည်းကမ်း လိုက်နာမှုနဲ့လည်း အများကြီးသက်ဆိုင်**

★ စာမျက်နှာ ၅ မှ

တစ်နည်းအားဖြင့် လေကြောင်းအကဲသာမှု၊ အီလက်ထရောနစ် နည်းပညာသာလွန်မှု၊ လက်နက်ခဲယမ်းများ ခေတ်မီကောင်းမွန်မှုနဲ့ ထိရောက်တိကျမှုတို့ဟာ စစ်ပွဲရဲ့အနိုင်အရှုံးကို အဓိကအဆုံးအဖြတ်ပေးလျက်ရှိတယ်။ နည်းပညာတိုးတက်လာမှုနဲ့အတူ ပြောင်းလဲကျင့်သုံးလာတဲ့ စစ်နည်းဗျူဟာတွေနဲ့ စစ်လက်နက်ပစ္စည်းတွေကို နားလည်တတ်ကျွမ်းပြီး ကျွမ်းကျင်စွာ အသုံးချနိုင်ဖို့ ပညာရည်မြင့်မားနေဖို့လိုတယ်။

**ခေတ်မီတပ်မတော်တည်ဆောက်ရာမှာ ပညာရည်မြင့်မားရေးဟာ လွန်စွာအရေးကြီး**တာကြောင့် တပ်မတော်အနေနဲ့ အရာရှိ၊ စစ်သည်အားလုံးရဲ့ ပညာရည်မြင့်မားရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိတယ်။

တစ်ဖက်မှာလည်း ရဲဘော်တို့အနေနဲ့ သင်ကြားပေးလိုက်တဲ့ အတတ်ပညာတွေကို လက်တွေ့ဘဝနဲ့ ပေါင်းစပ်ပြီး မိမိကိုယ်ကို အမြဲတိုးတက်နေအောင် လုပ်ဆောင်နေကြရမယ်။ ဗဟုသုတရရှိမယ့် စာပေတွေကို ဖတ်ရှုပြီး အသိဉာဏ်ပညာတွေ ကြွယ်ဝလာအောင် ကြိုးပမ်းအားထုတ်နေဖို့ လိုအပ်တယ်။ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိစေမယ့် အသိပညာနဲ့ အတွေးအမြင်ဆိုင်ရာ စာပေတွေကိုလည်း လေ့လာဖတ်ရှုသွားရမှာဖြစ်တယ်။

**အတတ်ပညာက လူတော်ဖြစ်စေနိုင်ပြီး အသိပညာက လူကောင်းဖြစ်စေနိုင်**တာကြောင့် လူတော်လူကောင်းများ ဖြစ်လာစေဖို့ အတတ်ပညာရော၊ အသိပညာများပါ ကြွယ်ဝလာစေရန် ကြိုးစားလုပ်ဆောင်သွားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

တပ်မတော်ရဲ့ အဓိကတာဝန်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ဒီတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့ဆိုရင် ရဲဘော်တို့မှာ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဆိုတဲ့ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံနေဖို့လိုအပ်တယ်။ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံနေမှသာလျှင် ပေးအပ်တဲ့ အမိန့်နဲ့ တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်နိုင်မှာဖြစ်တယ်။ စွမ်းရည်သုံးရပ်လုံးဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေပြီး အုပ်ချုပ်ရေးစွမ်းရည်ကောင်းမွန်လာတာနဲ့အမျှ စစ်ရေးစွမ်းရည်တိုးတက်လာနိုင်သလို စည်းရုံးရေးစွမ်းရည်ကိုလည်း ပိုမိုကောင်းမွန်လာစေမှာ ဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ စစ်တက္ကသိုလ်က သင်ကြားပေးလိုက်တဲ့ စာပေပညာ၊ စစ်ပညာတွေကို အခြေခံပြီး စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံတဲ့ အရာရှိကောင်းတွေဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

**ရဲဘော်တို့**

**၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ဆိုးရွားစွာပြုလုပ်ခဲ့တဲ့ မဲမသမာမှုတွေကြောင့် တပ်မတော်က အမျိုးသားနိုင်ငံရေး တာဝန်တွေကို ထမ်းဆောင်ခဲ့ရ**ချိန်မှာ အကြမ်းဖက် NUG၊ CRPH အဖွဲ့တွေက တပ်မတော်အနေနဲ့ ဒီမိုကရေစီ နောက်ပြန်ဆွဲလုပ်ဆောင်နေသယောင် ဝါဒမှိုင်းတိုက်ပြီး လူငယ်၊ လူရွယ်တွေကို လွဲမှားတဲ့ မျှော်လင့်ချက်တွေနဲ့အတူ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်ဆီ တွန်းပို့ခဲ့ကြတယ်။ **လက်နက်ကိုင်လမ်းစဉ်တွေကြောင့် မျှော်မှန်းတည်ဆောက်နေတဲ့ ပြည်ထောင်စုကြီးအတွက် လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့ရ**တယ်။ ဒီလို လက်နက်ကိုင်လမ်းစဉ်နဲ့ ဖြေရှင်းတဲ့ ကြိုးပမ်းမှုဟာ နှစ်ပေါင်း ၇၀ ကျော်ကြာတဲ့အထိ မည်သည့်ရလဒ်မျှ မထွက်ခဲ့တာကို သင်ခန်းစာယူဖို့လိုသလို ဒီမိုကရေစီ နောက်ပြန်ဆွဲခြင်းဟာ လက်နက်ကိုင်လမ်းစဉ်ကြောင့် ဖြစ်တယ်ဆိုတာ အမှန်တိုင်းရှုမြင်ဖို့ အချိန်ကျနေပြီဖြစ်တယ်။ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုတည်ဆောက်ရေးကို ရည်မှန်းချက်ထားကြရင် **ပြည်ထောင်စုအကျိုးကို ရှေးရှုပြီး PDF အပါအဝင် လက်နက်ကိုင်အဖွဲ့တွေအနေနဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာဖို့ နိုင်ငံတော်က ကြိုဆိုဖိတ်ခေါ်ထားပြီးဖြစ်**ကြောင်း ထည့်သွင်းပြောကြားလိုတယ်။

တစ်ဖက်မှာလည်း ဒီနိုင်ငံရေးဖြစ်စဉ်အကြောင်းတရားတွေကို လက်ညှိုးထိုးပြီး NCA မှာ လက်မှတ်ရေးထိုးခဲ့ကြတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့ဟာ ရှိထားပြီးသား ကတိကဝတ်တွေကို ချိုးဖောက်ပြီး ငြိမ်းချမ်းရေးလမ်းကြောင်းကို သွေဖည်မှု ပြုလုပ်ခဲ့ကြတယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ ကြုံတွေ့ခဲ့ရတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေအပေါ် အခြေခံပြီး တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးမူဝါဒ ၆ ချက်ကို ရှင်းလင်းတိကျစွာ ပြဋ္ဌာန်းထားပြီးဖြစ်တယ်။ ငြိမ်းချမ်းရေးဆိုတာ တွေ့ဆုံဆွေးနွေးပြီး အဖြေရှာမှသာ ရရှိနိုင်မှာဖြစ်လို့ **ငြိမ်းချမ်းရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါ ဖြစ်ချင်တာတွေကို ပြောဆိုနေမယ့်အစား ဖြစ်သင့်တာတွေကိုပြောဆိုပြီး ဖြစ်နိုင်တာတွေကို ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ဆောင်သွားကြရမှာ ဖြစ်**တယ်။ လက်တွေ့ကျပြီး အောင်မြင်ခိုင်မာတဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူလူထုရဲ့ ကောင်းကျိုးကို ရှေးရှုဆောင်ရွက်နိုင်မှာဖြစ်ကြောင်း အသိပေး ပြောကြားလိုတယ်။

**ရဲဘော်တို့**

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၃၉ မှာ "**နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်**" လို့ ပြဋ္ဌာန်းထားတယ်။ ဒို့နိုင်ငံရဲ့ ကာကွယ်ရေး ရည်မှန်းချက် တာဝန်ထဲမှာလည်း "**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတွင် ပြည်ပအမှီအခိုကင်းစွာဖြင့် ပြည်တွင်းအင်အားစုများကို အခြေခံ၍ ပြည်သူတစ်ရပ်လုံးပါဝင်သည့် ခေတ်မီပြည်သူ့ကာကွယ်ရေးစနစ်ကြိုးပမ်းဖော်ဆောင်ရန်**" လို့ ဖော်ပြပါရှိတယ်။ လက်ရှိ ပထဝီနိုင်ငံရေးအခြေအနေနဲ့ ဖြစ်ပျက်နေတဲ့ နိုင်ငံတကာအခြေအနေတွေအပေါ် မူတည်ပြီး ဒို့နိုင်ငံအပါအဝင် နိုင်ငံငယ်တွေရဲ့ ကာကွယ်ရေး၊ လုံခြုံရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟာ ပြည်သူတစ်ရပ်လုံးပါဝင်တဲ့ အင်အားစုများနဲ့ တည်ဆောက်သွားမှသာ ခိုင်မာမှုရှိမှာ ဖြစ်တယ်။ **ဒို့နိုင်ငံရဲ့ကာကွယ်ရေး မဟာဗျူဟာအနေနဲ့ ပြည်သူများပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ကျင့်သုံးနေ**တာကြောင့် **နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအပေါ် ထိပါးနှောင့်ယှက်လာတဲ့ ရန်စွယ်မှန်သမျှ တပ်မတော်ကို မဏ္ဍိုင်ပြုထားတဲ့ ပြည်သူတစ်ရပ်လုံးရဲ့ စုပေါင်းအားတွေနဲ့ တွန်းလှန်ချေမှုန်းသွားကြရမှာက နိုင်ငံသားတိုင်းရဲ့ မွေးရာပါ သမိုင်းပေးတာဝန်ပဲဖြစ်**ကြောင်း လေးလေးနက်နက် ပြောကြားလိုတယ်။

**ရဲဘော်တို့**

မကြာမီရက်ပိုင်းအတွင်းမှာပဲ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မှာဖြစ်တယ်။ ရွေးကောက်ပွဲ ကျင်းပရာမှာ နိုင်ငံရေးပါတီများ တရားမျှတစွာပါဝင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်နည်းဥပဒေများကို အသစ် ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်တယ်။ ရွေးကောက်ပွဲနဲ့ သက်ဆိုင်တဲ့ သတင်းအချက်အလက်တွေကိုလည်း နိုင်ငံတော်ကနေ အချိန်နဲ့ တစ်ပြေးညီ ဖော်ပြပေးလျက်ရှိတယ်။

ယခုကျင်းပမယ့် ရွေးကောက်ပွဲကြီးမှာ ဥပဒေနဲ့အညီ မဲပေးခွင့် မရှိသူများမှအပ ကျန်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး လွတ်လပ်စွာ ဆန္ဒမဲပေးကြရမှာ ဖြစ်တယ်။ မိမိတို့ **ရွေးချယ်မယ့် ရွေးကောက်ခံ ကိုယ်စားလှယ်များဟာ နိုင်ငံရဲ့အကျိုးကို အမှန်တကယ် ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်သူနဲ့ နိုင်ငံကောင်းအောင်ဆောင်ရွက်နိုင်မယ့်သူတွေဖြစ်ဖို့** လိုအပ်တယ်။ ပါတီစုံဒီမိုကရေစီ ဖြစ်တာနဲ့အညီ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေနဲ့ တရားမျှတစွာ ဝင်ရောက်ယှဉ်ပြိုင်ကြဖို့ အသိပေး ပြောကြားလိုတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်ပွင့်လင်းပြီး တရားမျှတတဲ့ရွေးကောက်ပွဲ၊ သိက္ခာရှိတဲ့ ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ဘက်ပေါင်းစုံက ကြိုးပမ်းလုပ်ဆောင်နေချိန်မှာ နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေတဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအချို့က ရွေးကောက်ပွဲကို အဟန့်အတားဖြစ်စေရေး နည်းလမ်းမျိုးစုံနဲ့ လုပ်ဆောင်နေကြတာကို သတိပြုကြရမှာဖြစ်တယ်။ ရွေးကောက်ပွဲမှာ **ပြည်သူ့ဆန္ဒမဲနဲ့ ရွေးကောက်တင်မြှောက်တဲ့ အစိုးရတစ်ရပ်ဖြစ်ပေါ်လာခဲ့ရင် လက်ရှိနိုင်ငံတော်အစိုးရကို ဆန့်ကျင်နေတဲ့ အဖျက်အမှောင့် အကြမ်းဖက်သမားတွေအနေနဲ့ သူတို့ရှေ့ဆက်ရပ်တည်ဖို့ ခက်ခဲလာနိုင်တာကြောင့် ရွေးကောက်ပွဲကို အနှောင့်အယှက်ဖြစ်အောင် အခုလို လုပ်ဆောင်နေကြခြင်းဖြစ်**တယ်။ ဒါကြောင့် အဲဒီအဖျက်အမှောင့်သမားတွေရဲ့ လုပ်ဆောင်ချက်တွေကို တားဆီးကာကွယ်ပြီး ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် ရဲဘော်တို့အနေနဲ့ ပြည်သူလူထုနဲ့လက်တွဲပြီး ကျရာကဏ္ဍအသီးသီးကနေ ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုတယ်။

**ရဲဘော်တို့**

နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့

- တာဝန်ကျရာ တပ်အသီးသီးမှာ ပေးအပ်လာတဲ့ တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်ရင်း **"သစ္စာ၊ သူရ၊ သိပ္ပ"** အရာမှာ စံတင်ဂုဏ်ပြုထိုက်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။
- ရဲဘော်တို့အနေနဲ့ ရိုးသားဖြောင့်မတ်စွာ တာဝန်ထမ်းဆောင်ပြီး အခက်အခဲအကျပ်အတည်းနဲ့ ရင်ဆိုင်ကြုံတွေ့ရချိန်တိုင်းမှာ မှတ်ကျောက်အတင်ခံနိုင်တဲ့ ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။
- **"စည်းကမ်းလိုက်နာ ဘေးကင်းကွာ"** ဆိုတဲ့အတိုင်း စည်းကမ်းနဲ့ ဥပဒေကို လေးစားလိုက်နာတတ်တဲ့ တပ်မတော်သားကောင်းများဖြစ်အောင် ကြိုးစားနေထိုင်ကြပါ။
- ပြည်တွင်း တည်ငြိမ်အေးချမ်းမှုရှိအောင် တပ်မတော်က ဆောင်ရွက်ပေးလျက်ရှိတဲ့ အခြေအနေမှန်တွေကို တိုင်းရင်းသား ပြည်သူအားလုံးသိမြင်လာအောင်ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်တယ်။

## ဒေးဒရဲမြို့၌ ကျေးရွာချင်းဆက်လမ်းများခင်းကျင်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ဒေးဒရဲ ဒီဇင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် ကျေးရွာချင်းဆက်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ ဖျာပုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးမြင့်နှင့်တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း တစ်လမ်း၊ကျောက်ချောလမ်း နှစ်လမ်းနှင့် မြေသားလမ်းတစ်လမ်း ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ်အရည်အသွေးနှင့် အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

အေဇာလင်း



သန်လျင်မြို့နယ်၌ "ဒို့အတူတူမဲပေးကြမယ်နှင့် ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သောအနာဂတ်ဆီသို့" အသိပညာပေး မြေစိုက်ဘုတ်များ စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ဒီဇင်ဘာ ၂ ရက်က လူစည်ကားရာ ကားဂိတ်၊ကယ်ရီဂိတ်နေရာများ၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးတင့်နှင့် ကော်မတီဝင်များ၊ဌာနဆိုင်ရာများ စုပေါင်းဆောင်ရွက်ကြစဉ်။

သန်းဝင်း(သန်လျင်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇)သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇)သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အနော်ရထာတပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများ၊ တစ်ခန်းရပ်ပြဇာတ်များဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီး စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**



# စစ်တက္ကသိုလ်၏ အကြိမ် (၇၀) မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

စစ်တက္ကသိုလ်၏ အကြိမ်(၇၀) မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုး၊ စစ်တက္ကသိုလ် ပါမောက္ခချုပ်ဗိုလ်မှူးချုပ်သိန်းလွင်၊ စစ်တက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များနှင့် ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။



ဦးစွာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များ ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် နိုင်ငံတော်သီချင်း တီးမှုတ်ကာ ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင် ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့်ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိခံဝန်မှုပြုခြင်းကို ဆောင်ရွက်ကြသည်။ ဆက်လက်၍ ပါမောက္ခချုပ်က ဝိဇ္ဇာဘွဲ့၊ စီးပွားရေးပညာဘွဲ့၊ သိပ္ပံဘွဲ့၊ ကွန်ပျူတာသိပ္ပံဘွဲ့၊ ကွန်ပျူတာနည်းပညာဘွဲ့ ရရှိသူတို့အား သက်ဆိုင်ရာ ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် ပါမောက္ခချုပ်က ဘွဲ့ရရှိသူများအား ဘွဲ့များနှင့် လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့် ဝတ်စုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင်လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

စစ်တက္ကသိုလ်အနေဖြင့် ပထမအကြိမ် ဘွဲ့နှင်းသဘင်မှ ယခုအကြိမ်(၇၀)မြောက် ဘွဲ့နှင်းသဘင် အထိ ကျောင်းဆင်းအရာရှိပေါင်း ၃၄၃၆၅ ဦးအား အခြေခံဘွဲ့များ ပေးအပ်ချီးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စည်သာရေလှောင်တမံတွင် ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်ဒေသ ရေဖူလုံစွာရရှိရေး ဆောင်ရွက်ထားရှိမှု လိုက်လံကြည့်ရှုစစ်ဆေး

## ပြင်ဦးလွင်ဒေသ သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် ဆင်လမ်း(၂)ရေလှောင်တမံစီမံကိန်းနှင့် ပင်တီးရေလှောင်တမံစီမံကိန်းတို့အား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူးတွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်ဒေသ ရေဖူလုံစွာရရှိရေး သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆင်လမ်း ရေလှောင်တမံသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြင်ဦးလွင်မြို့နယ်အတွင်း ရေဖူလုံမှုရရှိရေးအတွက် ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၅ ခုနှစ် ဧပြီလအတွင်း နိုင်ငံတော်အကြီးအကဲ လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်အရ ပြင်ဦးလွင်မြို့၌ သောက်သုံးရေ ပိုမိုလုံလောက်စွာရရှိရေး ဆင်လမ်းတမံရေပိုလွှဲအား နှစ်ပေမြှင့်တင်ခြင်းဆောင်ရွက်ခဲ့မှု၊ စည်သာရေလှောင်တမံ ရေပိုလွှဲ သုံးပေမြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု၊ ပြင်ဦးလွင်မြို့ သောက်သုံးရေဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးတို့အတွက် ဆင်လမ်း (၂) ရေလှောင်တမံ တည်ဆောက်ခြင်း၊ ပွဲကောက်ရေလွှဲဆည် တည်ဆောက်ခြင်းနှင့် ပင်တီးရေလှောင်တမံ တည်ဆောက်ခြင်းစသည့် စီမံကိန်းများကို ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ပြင်ဦးလွင်မြို့ သောက်သုံးရေဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးတို့အတွက် ဆင်လမ်း(၂) ရေလှောင်တမံနှင့် ပင်တီးရေလှောင်တမံ တည်ဆောက်ခြင်း စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဆင်လမ်း(၂) ရေလှောင်တမံစီမံကိန်းသည် ဆင်ဖြူအင်းကျေးရွာအနီး ဆင်ဖြူချောင်းနေရာ၌ဖြစ်ပြီး စီမံကိန်းတည်ဆောက်ပြီးစီးပါက ခန့်မှန်းရေလှောင်ပမာဏ ဧကပေ ၁၂၀၀ ကို သိုလှောင်နိုင်မည်ဖြစ်ကာ ဆင်ဖြူချောင်းမှရေများကို တမံအောက်ဘက်ရှိ ယင်းသာမ ရေလွှဲဆည်မှတစ်ဆင့် ရတနာပုံမြို့သစ်သို့ Gravity Flow System ဖြင့် သောက်သုံးရေပေးဝေနိုင်ခြင်း၊ ရပ်ကွက်ကြီး(၉/၁၆/၁၇/၁၈) များသို့ သောက်သုံးရေ တိုးချဲ့ပေးဝေနိုင်ခြင်းတို့အပြင် ချောင်းဘေးဝဲယာတစ်လျှောက်ရှိ စိုက်ပျိုးမြေဧရိယာများအတွက် စိုက်ပျိုးရေကူဖြည့်တင်းပေးနိုင်မည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း၊ ပင်တီးရေလှောင်တမံတည်ဆောက်ခြင်း စီမံကိန်းသည် ပင်တီးကျေးရွာအနီး သဖြိုက်ချောင်းနေရာ၌ဖြစ်ပြီး စီမံကိန်းတည်ဆောက်ပြီးစီးပါက ခန့်မှန်းရေလှောင်ပမာဏ ဧကပေ ၄၀၀၀ ကို သိုလှောင်နိုင်မည်ဖြစ်ကြောင်း၊ သိုလှောင်ရေများအား Gravity Flow System ဖြင့် သဖြိုက်ချောင်းဘေးဝဲယာ စိုက်ပျိုးမြေဧရိယာ ၁၀၁၅ ဧကများသို့ ရေလွှဲဆည် ခုနစ်ခုမှတစ်ဆင့် တစ်နှစ်ပတ်လုံးစိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည် ဖြစ်ကြောင်း၊ ထို့ပြင် မြို့ပြရပ်ကွက်ကြီး (၁၀/၁၁/၁၂)များသို့လည်း ရေတင်စနစ်ဖြင့် သောက်သုံးရေတိုးချဲ့ပေးဝေနိုင်မည့် အကျိုးကျေးဇူးများစွာကို ရရှိလာစေမည် ဖြစ်ကြောင်း၊ အဆိုပါ ရေလှောင်တမံစီမံကိန်းနှစ်ခု တည်ဆောက်ပြီးစီးပါက ပြင်ဦးလွင်မြို့ သောက်သုံးရေဖူလုံရေးကို ရရှိစေနိုင်မည်ဖြစ်ပြီး အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်မည့် လူဦးရေအတွက်ပါ လုံလောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မြို့၏ ဂုဏ်ဒြပ်ဖြစ်သည့် ပန်းမြို့တော်၊ ကော်ဖီမြို့တော် စသည့်စီမံကိန်းများအတွက်လည်း များစွာအထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်ပြီး ဒေသအတွင်း ပိုမိုစိမ်းလန်းစိုပြည်လာမှုနှင့်အတူ ခရီးသွားလုပ်ငန်းများလည်း များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ ဒေသ၏ လူမှုစီးပွားဘဝများလည်း များစွာတိုးတက်လာမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရေလှောင်တမံများ တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများနှင့် တွက်ချက်ခြင်း လုပ်ငန်းများကို စနစ်တကျ ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆင်လမ်း ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် ရေပိုလွှဲနေရာ၌ အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ယခုကဲ့သို့ ဆင်လမ်းရေလှောင်တမံရေပိုလွှဲ နှစ်ပေမြှင့်တင်ခြင်းနှင့် စည်သာရေလှောင်တမံရေပိုလွှဲ သုံးပေမြှင့်တင်ခြင်းများကို ကာလတိုအတွင်း လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဒေသနှင့် ဒေသခံများ၏ လူမှုအကျိုးစီးပွားကို များစွာ အထောက်အကူဖြစ်စေကြောင်း၊ ရေလှောင်တမံများ၏ ရေဝေရေလဲ သတ်မှတ်ဧရိယာအကွာအဝေးအတွင်း သစ်တောသစ်ပင်များ ဖုံးလွှမ်းမှုရှိစေရေး၊ သီးနှံများ စိုက်ပျိုးမှုမရှိစေရေးတို့အတွက်လည်း စဉ်ဆက်မပြတ် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ရေဖူလုံမှုကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆင်လမ်း ရေလှောင်တမံမှ ရပ်ကွက်ကြီး (၁၉)- နမ့်ကပ်ကျေးရွာ-အနီးစခန်း လမ်းကြောင်းအတိုင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြင်ဦးလွင်မြို့ သန့်ရှင်းသာယာလှပနေစေရေးအတွက် အမြဲမပြတ်ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် မြေအသုံးချမှုများ စနစ်တကျဖြစ်စေရေး စိစစ်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စည်သာရေလှောင်တမံ ရေပိုလွှဲသို့ ရောက်ရှိပြီး ရေပိုလွှဲ သုံးပေအမြင့်မြှင့်တင် ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စည်သာရေလှောင်တမံနှင့် စည်သာရေကူရေလှောင်တမံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်ခန်းမ၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ၂၀၁၅ ခုနှစ်မှ ၂၀၂၀ အတွင်း ပြင်ဦးလွင်မြို့နယ်တွင် သစ်တောဖုံးလွှမ်းမှု လျော့ကျရခြင်းနှင့်ပတ်သက်၍ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ RS & GIS နည်းပညာအသုံးပြု၍ Google Earth မြေပုံများ၊ Landsat ဂြိုဟ်တုဓာတ်ပုံများဖြင့် စိစစ်ခြင်းတို့အရ ခုနှစ်အလိုက် စိစစ်တွေ့ရှိမှုများ၊ သစ်တောဖုံးလွှမ်းမှု ကျဆင်းသွားသည့်နေရာများအားသစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများအား အသိပညာပေး ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ သစ်တောဖုံးလွှမ်းမှုကောင်းမွန်သည့်နေရာများအား ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းခြင်းတို့ကို အလေးထား ဆက်လက် ဆောင်ရွက်လျက်ရှိမှု၊ မြေလွတ်မြေရိုင်း ဧရိယာနေရာများကို ကွင်းဆင်းစစ်ဆေး၍ သစ်တောဖုံးလွှမ်းမှု ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ပြင်ဦးလွင်မြို့တော်အား ချယ်ရီမြို့တော်၊ ပန်းမြို့တော်ဖြစ်စေရေး ဆောင်ရွက်လျက် ရှိကြောင်း၊ ထင်းရှူးပင်များကိုလည်း မျက်စိပသာဒဖြစ်စေရေးနှင့် စိမ်းလန်းစိုပြည်မှုကို အထောက်အကူဖြစ်စေရေး စိုက်ပျိုးသွားရန်လိုကြောင်း၊ **စာမျက်နှာ ၉ သို့ ❍**

○ စာမျက်နှာ ၈ မှ

ပြင်ဦးလွင်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများကို သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက မဖြစ်မနေထိန်းသိမ်း ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှ သာလျှင် သဘာဝပတ်ဝန်းကျင် ညီညွတ်မျှတမှုကို ဖြစ်ပေါ်စေမည်ဖြစ်ပြီး ရေအရင်းအမြစ်များကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့၏ အေးမြသည့်သဘာဝကိုထိန်းသိမ်းနိုင်ရေး မြို့၏မြောက်ဘက်၊ အရှေ့မြောက်ဘက်နှင့် တောင်ဘက်တို့တွင် သစ်ပင်သစ်တောများ စိုက်ပျိုးသွားရန် လိုအပ်ကြောင်း၊ ရွက်ပိတ်တောများ၊ ရွက်အုပ်တောများအတွင်း၌လည်း သစ်တောပညာရပ်များအရ လိုအပ်သည့် ထိန်းသိမ်းစောင့်ရှောက်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း။

မြို့နေလူဦးရေ တိုးပွားလာသည်နှင့်အမျှ သောက်သုံးရေနှင့် စိုက်ပျိုးရေ လိုအပ်ချက်များသည်လည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသသို့ လာရောက်သည့် ခရီးသွားဧည့်သည်များ၏ သုံးရေများအတွက်ကိုလည်း ထည့်သွင်းစဉ်းစားထားရှိရန် လိုကြောင်း၊ ပြင်ဦးလွင်ဒေသ ရေဖူလုံစွာရရှိရေးအတွက်ရေလှောင်တမံများအဆင့်မြှင့်တင်ခြင်း၊ သစ်တောသစ်ပင်ဖုံးလွှမ်းမှု ဖော်ဆောင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး အတွက် နိုင်ငံတော်က လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ကို စံပြအဖြစ် ဆောင်ရွက်နေခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ မြစ်ချောင်းအင်းအိုင်များ၊ ရေအရင်းအမြစ်များကို စနစ်တကျ အကျိုးရှိရှိထိန်းသိမ်း ဆောင်ရွက်သွားမည် ဆိုပါက စိမ်းလန်းစိုပြည်မှုကို မဖြစ်မနေ ဖော်ဆောင်နိုင်မည် ဖြစ်ကြောင်း၊ ယခု ဖော်ဆောင်နေသည့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၏ အကျိုးရလဒ်များကို နောင်အနာဂတ်ပြည်သူလူထုက ခံစားရမည်ဖြစ်သဖြင့် စနစ်တကျဖြင့် အကျိုးရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စည်သာရေကူ ရေလှောင်တမံ အတွင်း ရေဝင်ရောက်မှုနှင့် သိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ ဆင်လမ်းတမံရေပိုလွှဲနှင့် စည်သာရေလှောင်တမံ ရေပိုလွှဲအား နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆင်လမ်းတမံရေပိုလွှဲအား နှစ်ပေမြှင့်တင် ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခင်က ကန်ရေပြည့် ရေလှောင်ပမာဏ ၆၈၄၆ ပေရှိခဲ့ရာမှ ယခုအခါ ယခင်ကထက် ရေလှောင်ပမာဏ ၄၁၂ ဧကပေ၊ ရေဂါလန် ၁၁၂ သန်း ပိုမိုသိုလှောင်နိုင်ပြီး အချင်း ၁၈ လက်မရှိ သံမဏိရေထုတ်ပြွန်မှ တစ်ဆင့် ပြင်ဦးလွင်မြို့ရှိ ဦးရေ ၁၅၀၀၀ ခန့်ကို တိုးချဲ့ရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ အလားတူ စည်သာရေလှောင်တမံ ရေပိုလွှဲအား သုံးပေ မြှင့်တင်ခြင်း လုပ်ငန်း ဆောင်ရွက်ခဲ့မှုကြောင့် ယခင် ကန်ရေပြည့်ရေလှောင် ပမာဏဧကပေ ၃၃၇၀ ရှိခဲ့ရာမှ ယခုအခါ ယခင်ကထက် ရေလှောင်ပမာဏ ၂၆၇ ဧကပေ၊ ရေဂါလန် ၇၂ သန်းခန့် ပိုမိုသိုလှောင်နိုင်မှုကြောင့် လူဦးရေ ၁၀၀၀၀ ခန့်ကို တိုးချဲ့ ရေပေးဝေနိုင်သဖြင့် ပြင်ဦးလွင်ဒေသ ရေလုံလောက်စွာရရှိရေး အတွက် များစွာအကျိုးကျေးဇူး ပြုနိုင်မည်ဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အနီးစခန်းလေဆိပ်သို့ ရောက်ရှိကြရာ လေဆိပ် ရှင်းလင်းဆောင်ခန်းမတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် တာဝန်ရှိသူများက လေဆိပ်လေယာဉ် ရပ်နားရန် နေရာသစ် တည်ဆောက်ခြင်း လုပ်ငန်းနှင့် လေဆိပ်အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌက တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည် တည်တံ့ခိုင်မြဲမှုရှိစေရေး စနစ်တကျတွက်ချက်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ အနီးစခန်း လေဆိပ်အား အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းသည် ရှမ်းပြည်နယ်အတွင်းသို့ လာရောက်သည့် ခရီးသွားပြည်သူများအား အဓိက ပို့ဆောင်ပေးသည့်နေရာ ဖြစ်စေရေးနှင့် ပြင်ဦးလွင်မြို့သည် ခရီးသွားမြို့တော် ဖြစ်သည့်အတွက် လာရောက်လည်ပတ်သူများ အဆင်ပြေချောမွေ့စွာဖြင့် ခရီးသွားလာနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အလားတူ ပြင်ဦးလွင်ဒေသမှ ထွက်ရှိသည့် ဒေသထွက်ပစ္စည်းများ၊ အသီးအနှံများကို အခြားဒေသများသို့ ပိုမိုလွယ်ကူလျင်မြန်စွာ ဖြန့်ဝေ ပို့ဆောင်ပေးနိုင်ရေး အတွက်လည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လေဆိပ်အား အဆင့်မြှင့်တင်ပေးခြင်းနှင့်အတူ ပြင်ဦးလွင်မြို့ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကားလမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းဘေး ဝဲယာ၌ လူသွားပလက်ဖောင်းများကိုလည်း အဆင့်မီစွာဖြင့် ထည့်သွင်း ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ် သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေးဆွေးနွေးပွဲ-၂၀၂၅ တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၃**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးဆွေးနွေးပွဲ-၂၀၂၅ (Yangon Investment Facilitation Workshop–2025) ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က မင်္ဂလာမောင်းကိုတီး၍ ဖွင့်လှစ်ပေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က တိုင်းပြည်၏ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့မြှင့်တင်လုပ်ကိုင်နိုင်မှသာ ပို့ကုန်နှစ်ဆတိုးမြှင့်ရေးရည်မှန်းချက်ကို ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် အချို့သွင်းကုန်များကိုလည်း အစားထိုးနိုင်ပြီး ပို့ကုန်များကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားနိုင်ရမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဟုဆိုရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုရှိသည့်အတွက် နှစ်ပိုင်းစလုံးကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာဒေသတစ်ခုဖြစ်ပြီး နိုင်ငံ့ GDP ၏ ၂၆ ရာခိုင်နှုန်းဖြစ်သည့်အတွက် တိုင်းဒေသကြီး၏ ဖွံ့ဖြိုးမှုသည် တစ်နိုင်ငံလုံးအတွက် အရေးကြီးပါကြောင်း၊ ယနေ့ဆွေးနွေးပွဲဆောင်ပုဒ်ဖြစ်သည့် "ယုံကြည်မှုတွေ တည်ဆောက်ဖို့ ပူးပေါင်းမှုများ အားပေးစို့ Building Confidence, strengthening Collaboration" အတိုင်း အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများအား တွန်းအားပေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ၏ မူလအဆိုပြုလွှာအတိုင်း ကုန်ထုတ်လုပ်မှုစွမ်းအား ပြန်လည် လည်ပတ်နိုင်ရေးနှင့် ပြည်ပသို့ ချိတ်ဆက်တင်ပို့မှု အဆင်ပြေချောမွေ့ရေးသည် အဓိကကျနေသည့်အတွက် ဗဟိုမှ ကွင်းဆင်းထိတွေ့အားပေးရင်း ပြန်လည်တင်ပြချက်များကိုလည်း သက်ဆိုင်ရာဌာနများသို့ တင်ပြညှိနှိုင်း ကူညီသွားရန်ဖြစ်ပါကြောင်း၊ Processing Lines အပြင် ထပ်မံတိုးချဲ့တပ်ဆင်လိုသူရှိပါကလည်း မြန်ဆန်အဆင်ပြေချောမွေ့အောင် ကူညီသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုအခြေအနေများ၊ ထပ်မံဖော်ထုတ်နိုင်မည့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ တိုင်းဒေသကြီးအနေဖြင့် ရင်းနှီးမြှုပ်နှံသူများအပေါ် ကူညီဆောင်ရွက်သွားနိုင်မည့်အခြေအနေများကို အဓိကထား၍ ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ယနေ့အခမ်းအနားတွင် MSMEs လုပ်ငန်းများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြခန်းစုစုပေါင်း ၃၁ ခန်းကို စိတ်ဝင်စားဖွယ်ခင်းကျင်းပြသထားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက Power point presentation ဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် စကားဝိုင်းဆွေးနွေးပွဲ (Panel Discussion) ကို ဆက်လက်ကျင်းပရာ "ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တိုးမြှင့်ခြင်း – လွယ်ကူချောမွေ့စေရေး စကားဝိုင်း "Enhancing the Investment Climate: A Facilitation Dialogue" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး လုပ်ငန်းရှင်များက မေးမြန်းခဲ့သည့် တင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်နေသည့် ပြည်တွင်း ပြည်ပ လုပ်ငန်းရှင် ကိုးဦးက ၎င်းတို့၏လုပ်ငန်းအတွေ့အကြုံနှင့်စပ်လျဉ်းသည့် လုပ်ငန်းစီမံကိန်းများ၏ အားသာချက်များနှင့် ထုတ်လုပ်နိုင်မှုအခြေအနေ (Project Presentation) များကို မျှဝေဆွေးနွေးသည်။

ညနေပိုင်းတွင် ဆန်၊ ပဲ၊ နှမ်း စိုက်ပျိုးရေးထွက်ကုန်များ၊ ဆိုလာလျှပ်စစ်ကဏ္ဍ၊ မွေးမြူရေးနှင့် ဆက်စပ်သည့် နည်းပညာလွှဲပြောင်းခြင်းကဏ္ဍစသည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ ၂၄ ခုကို သက်ဆိုင်ရာတာဝန်ရှိသူများက အပြန်အလှန်လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ဆွေးနွေးပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဆွေးနွေးပွဲသည် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးနှင့် ရေရှည်တည်တံ့အောင်မြင်စေရန် ရည်ရွယ်ပြီး အစိုးရ-ပုဂ္ဂလိက အသီးသီးမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လက်ရှိရင်းနှီးမြှုပ်နှံသူများ၊ ပြည်တွင်း စီးပွားရေးလုပ်ငန်းရှင်များအပြင် တရုတ်၊ ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (အခြေခံ)သင်တန်းဆင်းပွဲ ကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ အသက်သုံးနှစ်မှ ငါးနှစ် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (အခြေခံ)သင်တန်းဆင်းပွဲအခမ်းအနားကို ပေါက်ချောင်းရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းခန်းမတွင် ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်ဇေယျက သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စောနှင်းဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သင်တန်းတွင်ထူးချွန်ဆုရရှိခဲ့သူများအား ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်ဇေယျ၊ မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသီရိနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာလင်းတို့ကလည်းကောင်း၊ သင်တန်းသားတစ်ဦးထံသို့ သင်တန်းသူ သင်တန်းသားများ၏ သင်တန်းဆင်းဂုဏ်ပြုမှတ်တမ်းလွှာများကို ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စောနှင်းဦးကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဟန်သူ၊ တပ်မတော်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း/ပြည်ပ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် အခြား ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် "Fostering Disability inclusive societies for advancing social progress" "လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများမြှင့်တင်ပေး" ဆောင်ပုဒ်အား ယခုနှစ်အတွက် သတ်မှတ်ထားပါကြောင်း၊ မသန်စွမ်းသူများ၏ အရည်အသွေးကိုရယူပြီး နိုင်ငံ၏ လူ့စွမ်းအား အရင်းအမြစ်အတွက် အသုံးပြုနိုင်ပါက ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည် ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် ပညာရေးကဏ္ဍကို ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများအနေဖြင့် အခြားသူများနည်းတူ သင်ကြားမှု၊ သင်ယူမှုပြုနိုင်ရေးအတွက် လိုအပ်သောနည်းပညာနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်းတို့အား နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မသန်စွမ်းသူများ ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့်မြန်မာ အီလက်ထရောနစ် မဲပေးစက် လက်တွေ့စမ်းသပ် အသုံးပြုခြင်း အစီအစဉ်များကို နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့နှင့် မိတ္ထီလာမြို့တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်ထားပြီးဖြစ်၍ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးတွင် မသန်စွမ်းသူများ ဆန္ဒမဲပေးနိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုပါကြောင်း၊ မသန်စွမ်းသူများနှင့်ပတ်သက်သည့် အရေးကိစ္စများမှာ လူ့အသိုက်အဝန်းတစ်ခုလုံးနှင့် သက်ဆိုင်သည့် လူမှုဖွံ့ဖြိုးရေးကိစ္စဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေး၊ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်ကို အသိအမှတ်ပြုသည့် ရှုထောင့်သစ်၊ အမြင်သစ်ဖြင့် နားလည်လက်ခံပေးရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာအန်တိုနီယိုဂူတာရက်စ်၏ သတင်းစကားရုပ်သံနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။ ယင်းနောက် နားမကြားသော ကလေးများကျောင်း (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက ဗုံကြီးသံ(ယိမ်း)၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်)မှ ကျောင်းသူလေးက မှုံရွှေရည်(အက)၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ကျောင်းသားများက အနာဂတ်လမ်း(အဆို)ဖြင့် ဂုဏ်ပြုတင်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့က အလွတ်တန်း ဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်း၊ ကပြဖျော်ဖြေကြသည့် မသန်စွမ်းကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုငွေချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အခမ်းအနား တက်ရောက်

**ထားဝယ် ဒီဇင်ဘာ ၃**

"လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများမြှင့်တင်ပေး"ဟူသည့် ဆောင်ပုဒ်နှင့်အညီ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကိုက တိုင်းဒေသကြီးတွင် စုစုပေါင်းလူဦးရေ၏ ၇ ဒသမ ၁ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏အရည်အသွေးကို ထုတ်ယူပြီး နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များအဖြစ် အသုံးပြုနိုင်မှသာ ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအပေါ် ထားရှိသည့် အပြုသဘောမဆောင်သည့် သဘောထားအမြင်များကို ဖယ်ရှားပြီး ရှုထောင့်သစ်၊ အမြင်သစ်များဖြင့် မသန်စွမ်းသူများအပေါ် နားလည်လက်ခံပေးနိုင်ရန် အရေးကြီးကြောင်း၊ မသန်စွမ်းမှုကို အကြောင်းပြုပြီး မသန်စွမ်းသူများကို ခွဲခြားဆက်ဆံခြင်းမပြုကြရန်နှင့် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်၊ စွမ်းဆောင်နိုင်မှုများကို အလေးထား အသိအမှတ်ပြုပေးပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများကို ကာကွယ်ပေးကြရန်လိုအပ်ကြောင်း၊ ၂၀၂၅ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများ ပါဝင်သောလူ့အဖွဲ့အစည်းများ မြှင့်တင်ပေး" နှင့်အညီ မသန်စွမ်းသူများ၏အရေးကို မသန်စွမ်းသူများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ Video clip နှင့် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ချက်မှတ်တမ်း Video clip တို့ကိုပြသပြီး မသန်စွမ်းသူများ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်သည့် မသန်စွမ်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပြီး တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးတို့က အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တောင်ကြီးမြို့၌ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၃**

မသန်စွမ်းမှုဆိုင်ရာ အရေးကိစ္စများကို သိရှိနားလည်နိုင်စွမ်းမြှင့်တင်ရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ လူ့အခွင့်အရေးများနှင့် အကောင်းဆုံးအကျိုးစီးပွားအတွက် ပံ့ပိုးကူညီဆောင်ရွက်နိုင်ရေး စည်းရုံးလှုံ့ဆော်ရန်အတွက် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးသည့် ဦးတည်ဆောင်ပုဒ်မှာ "Fostering disability inclusive societies for advancing social progress– လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများ ပါဝင်သော လူ့အဖွဲ့အစည်းများ မြှင့်တင်ပေး" ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏အမြင်နှင့် သဘောထားကို အလေးထား၍ လူ့အဖွဲ့အစည်း အတွင်း မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး မြှင့်တင်ပေးခြင်း၊ မတူကွဲပြားမှုကို လက်ခံပြီး စည်းလုံးညီညွတ်မှုရှိသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်ခြင်းတို့ဖြင့် မသန်စွမ်းသူများ၏အရေးကို မသန်စွမ်းသူများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။



ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ Video Clip အား ပြသပြီး တောင်ကြီးမြို့ သူငယ်တော်ယေရှုးမသန်စွမ်းနှင့် မိဘမဲ့ဂေဟာမှ မသန်စွမ်းကလေးများက မေတ္တာစက်ဝိုင်းသီချင်းနှင့် ထာဝရသစ္စာ သီချင်းတို့ဖြင့် သီဆိုကပြဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် ကပြဖျော်ဖြေပေးကြသော ကလေးငယ်များအတွက် ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းနှင့် သူငယ်တော်ယေရှုး မသန်စွမ်းနှင့် မိဘမဲ့ဂေဟာအတွက် အလှူငွေကျပ်သိန်း ၃၀ တို့ကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် Special Olympics Myanmar အားကစားပြိုင်ပွဲတွင် ဆုရရှိသူများကို ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ တာဝန်ရှိသူများက အခမ်းအနားတက်ရောက်လာကြသည့် မသန်စွမ်းကလေးများကို အာဟာရမုန့်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၂၄ ရက်

သာ လိုတော့သည်။



## မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး မြစ်သားမြို့နယ်အတွင်း မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်ပြည့်စုံမှုရှိနိုင်ရေး ကြည့်ရှုစစ်ဆေး

**မြစ်သား ဒီဇင်ဘာ ၃**

မန္တလေးတိုင်း ဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ဇော်ဦး သည် ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြစ်သားမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ နှင့်အတူ မြစ်သားမြို့နယ်အတွင်းရှိ ရေဝန်းကျေးရွာအုပ်စု၊ ရွာရှည် ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ အုပ်စု၊ ကသဲကုန်းကျေးရွာအုပ်စု၊ လက်ပံဆိပ်ကျေးရွာ အုပ်စုများနှင့် မြို့ပေါ် ဘူတာရပ်ကွက်ကြီးသို့ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၃)တွင် မဲပေးနိုင်ရေးအတွက် မဲစာရင်း ဆိုင်ရာ မှန်ကန်ပြည့်စုံနိုင်ရေး (door to door)စနစ်ဖြင့် မြေပြင်ကွင်းဆင်းတိုက်ဆိုင် စစ်ဆေးခြင်း ဆောင်ရွက်နေမှုများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မန်း(ကိုယ်ပွား)

## ဖျာပုံမြို့နယ်၌ မဲရုံမှူး၊ ဒုမဲရုံမှူးလုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်



**ဖျာပုံ ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် ရပ်/ ကျေးအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်သင်တန်း ဖွင့်ပွဲကို ဒီဇင်ဘာ ၂ ရက်က အထက (၂)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသန့်ဇင်လတ်က အမှာစကားပြောကြားပြီး ဖျာပုံ ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူးလက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်လင်းဦး က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း လမ်းညွှန်မှုများ၊ လုပ်ငန်းတာဝန် များနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) တပ်ဆင် အသုံးပြုနည်းများကို ရှင်းလင်း ပြောကြားသည်။

**သင်ကြားပို့ချ**

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ခရိုင်/ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၊ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖျာပုံမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများတွင် မဲရုံတာဝန် ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုမဲရုံမှူး ၃၅၄ ဦး တက်ရောက်ကြပြီး နှစ်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ရွေးကောက်ပွဲတွင် နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်အခွင့်အရေး ပြည့်ဝစွာ ရရှိရေး၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဗီနိုင်းပိုစတာများ ချိတ်ဆွဲခြင်းကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက ကြည့်မြင်တိုင်မြို့နယ် ကမ်းနားဈေး၊ ညဈေးနှင့် လူစည်ကားရာနေရာများ၌ ဆောင်ရွက်စဉ်။

သျှင်ဝင်းသျှင်

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## လသာမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ ကိုစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်း ဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကျော်ကျော်စိုး သည် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ယနေ့မွန်းလွဲ ၂ နာရီတွင် လသာမြို့နယ် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာနရုံး အစည်းအဝေးခန်းမ၌ လသာမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေး သည်။

ထိုသို့ တွေ့ဆုံရာတွင် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကျော်ကျော်စိုးက ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး အတွက် မဲစာရင်းတွင် မပါဝင် သင့်သူများ မပါဝင်စေရေးနှင့် ပါဝင်သင့်သည့်သူများ ပါရှိစေရေး အတွက် သတ်မှတ်ပုံစံများဖြင့် လျှောက်ထား၊ ပြင်ဆင်၊ ပယ်ဖျက်ခြင်းလုပ်ငန်းများကို အလေးထား ဆောင်ရွက်ရန်၊ မဲပေးပိုင်ခွင့် ရှိသည့် နိုင်ငံသားတိုင်း မဲပေး ပိုင်ခွင့်ရရှိရေး ဆောင်ရွက်ပေးနေ ရသည့် ရပ်ကွက်အုပ်ချုပ်ရေး မှူးများ၊ ရပ်ကွက်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ စိတ်အား ထက်သန်စွာ ဆောင်ရွက်ရန်၊ ရွေးကောက်ပွဲနှင့် ပတ်သက်သည့် အသိပညာပေးဆိုင်ရာ လုပ်ငန်း များ၊ မဲပေးရာတွင် ကိုင်တွယ် အသုံးပြုရမည့် မဲပေးစက်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို ပြည်သူများ ပိုမိုသိရှိစေရေး ကျယ်ကျယ်ပြန့်ပြန့် ဆက်လက် ဆောင်ရွက်ရန် လမ်းညွှန်မှာကြား သည်။



အဆိုပါ တွေ့ဆုံပွဲသို့ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာအဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး များ တက်ရောက်ကြကြောင်း သိရ သည်။

နေလင်း(ပြန်/ဆက်)

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ "ဒို့အတူတူမဲပေးကြမယ်"ဘေဘုတ်စိုက်ထူ

**ရန်ကုန် ဒီဇင်ဘာ ၃**

ရွေးကောက်ပွဲတွင် ပြည်သူများ ပိုမိုပါဝင် မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲ အောင်မြင်ရေး "ဒို့အတူတူ မဲပေးကြမယ်" ဘေဘုတ်စိုက်ထူခြင်းကို ရန်ကုန် တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ လူစည်ကားရာ နေရာများ၌ ယနေ့မွန်းလွဲပိုင်းက ဆောင်ရွက် သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ဘေဘုတ်သုံးချပ်စီအား မြို့နယ် အတွင်းရှိ လူစည်ကားရာနေရာ ၁၀ နေရာ၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန့်ဇော်နှင့်အဖွဲ့ဝင်များ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်ဝင်းနိုင်နှင့်အဖွဲ့ဝင် များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက စိုက်ထူပေးခဲ့ ကြောင်းသိရသည်။

အေးမဉ္ဇူ

# ရောဝတီ - ဗော်လ်ဂါနဒီ - ရောဝတီ - မော့စ်ကပါနဒီ စီးလော့စီးလော့ - စီးဆင်းလော့ တက်ညီလက်ညီ ပန်းတိုင်ခရီးက နီးပြီ နီးပြီ - ရောဝတီ - မော့စ်ကပါနဒီ

တက္ကသိုလ်မြတ်သူ

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်သတင်းများ၊ ရုရှားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များ၏ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သတင်းများ၊ မကြာသေးမီရက်ပိုင်းအတွင်းက ဘယ်လာရုစ်သမ္မတကြီးနှင့်အဖွဲ့၏ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ် သတင်းများ စသည်၊ စသည်ဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးသော အားရဖွယ် ခရီးစဉ်သတင်းများ၊ ဆောင်းပါးများကို စဉ်ဆက်မပြတ်မြင်တွေ့ရ၊ ဖတ်ရှုရသောအခါ များစွာဝမ်းမြောက်ဝမ်းသာဖြစ်မိပြီး လွန်ခဲ့သော နှစ် ၆၀ ဝန်းကျင်ကာလက ကျွန်တော်တို့ သတင်းစာကိုယ်စားလှယ်အဖွဲ့များ ရုရှား(ဆိုဗီယက်ပြည်ထောင်စု) နိုင်ငံသို့ အကြိမ်ကြိမ် ရောက်ရှိခဲ့သည်များကို သူ့အလိုလို ပြန်လည်၍ အမှတ်ရလာမိပါသည်။

## ရုရှားနိုင်ငံ တစ်နံတစ်လျားသို့ ရောက်ရှိ

ကျွန်တော်သည် ရုရှားနိုင်ငံသို့ ၁၉၅၈ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလက တစ်ကြိမ် (အာရှ-အာဖရိက စာရေးဆရာ ညီလာခံတက်ရောက်ရန်) ရောက်ခဲ့ပြီး ၁၉၆၂ ခုနှစ် ဇူလိုင်လက ဒုတိယအကြိမ် ဖင်လန်နိုင်ငံ ဟယ်လ်စင်ကီမြို့တော်၌ ကျင်းပသည့် ၈ ကြိမ်မြောက် ကမ္ဘာ့လူငယ်များ ပွဲတော်တက်ရောက်သည့်ခရီးစဉ်အတွင်း ရုရှားနိုင်ငံ တစ်နံတစ်လျားသို့ တစ်ကြိမ် ရောက်ရှိခဲ့ပါသည်။

ထို့ပြင် ၁၉၇၃ ခုနှစ် ဇူလိုင်လတွင် ပိုလန်နိုင်ငံ သတင်းစာဆရာများသမဂ္ဂ၏ ဖိတ်ကြားချက်အရ ကိုဝင်းတင် (ဟံသာဝတီ)၊ ကျွန်တော် (ကြေးမုံ)၊ ကိုစိုးမင်း (လုပ်သားပြည်သူ့နေ့စဉ်)၊ ကိုကြည်ညွန့် (မြန်မာ့အလင်း)နှင့် ကိုသန်းဆွေ(ဗိုလ်တထောင်) တို့ ပိုလန်နိုင်ငံတွင် ရက်သတ္တနှစ်ပတ်လေ့လာပြီး ရုရှားနိုင်ငံ နိုဗော့စတီသတင်းဌာန (APN) ၏ ဖိတ်ကြားချက်အရ မော်စကိုမြို့သို့ ၁၀ ရက်ခန့် ဝင်ရောက်လေ့လာရင်း တတိယအကြိမ် ရုရှားနိုင်ငံသို့ ရောက်ခဲ့ပြန်ပါသည်။ ၁၉၇၄ ခုနှစ်တွင် Working People Daily သတင်းစာမှ ဦးသန်းစောနှင့် ကြေးမုံမှ ကျွန်တော်တို့ အရှေ့ဂျာမနီနိုင်ငံသို့ ရက်သတ္တနှစ်ပတ်ကြာလေ့လာရေးခရီးထွက်ရင်း အသွား/အပြန် မော်စကိုမြို့သို့ ခေတ္တခဏမျှ တစ်ညအိပ် ဝင်ရောက်ခွင့်ရပြန်သည်။

ရုရှားနိုင်ငံသည် ဂျုံစိုက်ပျိုးရေးကောင်းသည်။ နွား၊ ဆိတ်၊ ဝက်၊ သိုး မွေးမြူရေးကောင်းသည်။ ထို့ကြောင့် အမဲသား၊ ဝက်သား၊ ကြက်သား ပေါများသည်။ နွားနို့၊ ထောပတ်၊ ဒိန်ခဲ (ချိစ်) ပေါသည်။ ပင်လယ်ငါးဥ ဆားနယ်ကောင်းကောင်းစားရသည်။ ကမ္ဘာကျော် ရုရှားစာဆိုကြီး ပွတ်ရှ်ကင်၏ နေအိမ်သို့ ရောက်ခဲ့သည်။ ရုရှားစာရေးဆရာများစွာနှင့်တွေ့ဆုံရင်းနှီးခဲ့သည်။ ကဗျာများရေးကာ ရွတ်ဆိုခဲ့သည်။ မော်စကို မြို့တော်တစ်ခွင်နှင့် လီနင်ဂရက် (ယခု စိန့်ပီတာစဘတ်မြို့) တို့သို့ သွားရောက်လေ့လာခဲ့ဖူးသည်။

၁၉၅၈ ခုနှစ် အာရှ-အာဖရိကစာရေးဆရာများ ညီလာခံခရီးစဉ်၌ မော်စကို၊ လီနင်ဂရက် လေ့လာရေးအပြင် ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂၄ ရက်ညတွင် မော်စကိုမြို့ ကရင်မလင်နန်းတော်ဝင်းရှိ ဆိုဗီယက်ဦးစီးလွှတ်တော်ခန်းမ၌ ဆိုဗီယက် ကွန်မြူနစ်ပါတီအကြီးအကဲ (အထွေထွေအတွင်းရေးမှူး)နှင့် ဆိုဗီယက်ပြည်ထောင်စု သမ္မတကြီး ဆာဂျီယေးဗစ် နီကီတာ ခရူးရှက်က တည်ခင်းသော ဂုဏ်ပြုညစာစားပွဲသို့ ဆရာကြည်မြ(မန္တလေး)၊ ဆရာ ဦးသာညွန့်(တက္ကသိုလ်ညွန့်ဦး) (စာပေဗိမာန်) တို့နှင့်အတူတက်ရင်း မစ္စတာခရူးရှက်နှင့် သူ၏ ၁၉၅၇ ခုနှစ် မြန်မာပြည်ခရီးစဉ်အကြောင်း စကားလက်ဆုံကျခဲ့ရသည်။

မော်စကိုမြို့၊ စိန့်ပီတာစဘတ်မြို့တို့၌ လီနင်၏ အောက်တိုဘာတော်လှန်ရေးကိုကြီးကြပ်ရန် နေထိုင်ခဲ့သော အဆောက်အအုံ၊ စိန့်ပီတာဘုရင်ကြီး၏ နွေရာသီနန်းတော်၊ ဆောင်းရာသီနန်းတော်များ၊ စာကြည့်တိုက်များ၊ တက္ကသိုလ်များသို့ ရောက်ရှိလေ့လာခဲ့သည်။ မော်စကိုမြို့ရှိကရင်မလင်နန်းတော်ဝင်းအတွင်း ရင်ပြင်နီမှ လီနင်၊ စတာလင်တို့၏ ဂူဗိမာန်များကို လေ့လာခဲ့ဖူးသည်။

## မြန်မာ့ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေး ဆင်နွှဲနေချိန်ဖြစ်

ထိုစဉ်က မြန်မာနိုင်ငံသည် ဆင်းရဲသားအလုပ်သမား တောင်သူလယ်သမား၊ ဆင်းရဲနွမ်းပါးသည့် ပြည်သူအများစု၊ မြေရှင်၊ ချစ်တီး၊ အရင်းရှင်တို့၏ ခေါင်းပုံဖြတ်၍ လူလုံးမလှဖြစ်နေရခြင်းမှ လွတ်မြောက်စေရန် ဗိုလ်ချုပ်အောင်ဆန်း၏ အာသီသဖြင့် မြန်မာ့ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေး ဆင်နွှဲနေချိန်ဖြစ်ပါသည်။ ဆိုရှယ်လစ်လမ်းစဉ်ကို အခြေခံသော ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အခြေခံဥပဒေရေးဆွဲပြီး ၁၉၇၃ ခုနှစ် ဒီဇင်ဘာလတွင် ပြည်သူတို့ကိုယ်တိုင် မဲပေးဆုံးဖြတ်အတည်ပြုမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန် စီစဉ်ခဲ့သည်။ နိုင်ငံပိုင်သတင်းစာများဖြစ်သော လုပ်သားပြည်သူ့နေ့စဉ်၊ ကြေးမုံ၊ ဗိုလ်တထောင်၊ မြန်မာ့အလင်း၊ ဟံသာဝတီ (မန္တလေး)၊ ဂါးဒီးယန်း၊ Working People Daily တို့တွင် အခြေခံဥပဒေအကြောင်း သတင်းများ၊ ဆောင်းပါးများဖြင့် နေ့စဉ်ရက်ဆက်ပြည်သူတို့အား ရှင်းလင်းတင်ပြ သတင်းပေးရေးသားနေရသည်။ သတင်းစာများသည် နေ့စဉ်စာမျက်နှာ ၂၀၊ ၂၄ မျက်နှာဖြင့် ထုတ်ဝေခဲ့ရသည်။

ထို ၁၉၇၃-၇၄ ကာလသည် အစ္စရေးနိုင်ငံဘက်မှ ကူညီသည့် အမေရိကန်၊ အင်္ဂလိပ်၊ ပြင်သစ် စသည့် ဥရောပအရင်းရှင်နိုင်ငံများ၊ တောင်ကိုရီးယား၊ ဂျပန်၊ ဩစတြေးလျ၊ စင်ကာပူ စသည့်နိုင်ငံများအား အာရပ်နိုင်ငံများက ရေနံတင်ပို့မှုရပ်ဆိုင်းကာ ရေနံသပိတ်မှောက်ခဲ့ကြသည်။ ထို့ကြောင့် ရေနံဖြင့် စက်ရုံများလည်ပတ်စေပြီးမှ ကုန်ပစ္စည်းထုတ်လုပ်ရသော အရင်းရှင်စက်မှုနိုင်ငံများ လေဖြတ်သွားသလို ဖြစ်နေခဲ့သည်။ ကုန်ထုတ်လုပ်နိုင်ရန် စက်များ မလည်ပတ်နိုင်၊ ဝါရှင်တန်ဒီစီမြို့တော်တွင် ဈေးဆိုင်များ ညဘက် ဖယောင်းတိုင်ထွန်း၍ ဈေးရောင်းခဲ့ရသည်။

မြန်မာနိုင်ငံသည်လည်း စက္ကူထုတ်လုပ်ရောင်းချနေသော ဟော်လန်၊ ဆွီဒင်၊ ဖင်လန်၊ နော်ဝေ၊ ပိုလန်နိုင်ငံတို့မှ စက္ကူဝယ်ယူ၍ မရတော့ပေ။ ဤသို့ဖြင့် ၁၉၇၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစပြီး သတင်းစာအားလုံး နေ့စဉ်သတင်းစာများကို စာမျက်နှာ ၈ မျက်နှာစီသာ ထုတ်ဝေစေရတော့သည်။ ထိုသို့ ၈ မျက်နှာနှင့် ထုတ်ဝေနေခြင်းသည်လည်း စက္ကူမလုံလောက်၊ နောက်တစ်လဆိုလျှင် သတင်းစာများ ရပ်ရမလိုဖြစ်လာသည်။ နိုင်ငံတော်အစိုးရအကြီးအကဲများနှင့် ပြန်ကြားရေးဝန်ကြီးတို့က ၁၉၇၃ ခုနှစ် ဇူလိုင်လတွင် ပိုလန်သို့သွားမည့် ကျွန်တော်တို့အဖွဲ့အား သတင်းစာစက္ကူရအောင် ဝယ်ခဲ့ဟု အထပ်ထပ်မှာကြားတော့သည်။

ကျွန်တော်တို့လည်း ပိုလန်သတင်းစာ သမဂ္ဂကို ပုံနှိပ်စက္ကူမျှပါဟု ပြောရသည်။ ပိုလန်သတင်းစာဆရာများက အားနာပါးနာနှင့် ကျွန်တော်တို့ကို တောင်းပန်ကြရှာသည်။ ပိုလန်သည် စက္ကူထုတ်လုပ်သောနိုင်ငံဖြစ်သော်လည်း ယခုရေနံစွမ်းအင်လောင်စာ သပိတ်မှောက်ခံရ၍ စက္ကူမထုတ်လုပ်နိုင်၊ မိမိတို့ပင်လျှင် လက်ကျန်စက္ကူများကို ချွေတာခြိုးခြံသုံးနေရပါသည်။ အပြန်ခရီး မော်စကိုဝင်လျှင် ရုရှားအစိုးရထံ ဝယ်ကြည့်ပါ။ သူတို့က ဟန်မပျက် စက္ကူများထုတ်လုပ်နိုင်ကြသည်ဟု ပြောလိုက်၍ မော်စကိုရောက်ပြီး နောက်တစ်နေ့ ရုရှားအစိုးရ ကုန်သွယ်ရေးဝန်ကြီးထံ သွားရောက်တွေ့ဆုံပြီး စက္ကူအခက်အခဲတင်ပြကာ စက္ကူရောင်းချပေးပါရန် မေတ္တာရပ်ခံရသည်။ ဝန်ကြီးက နှစ်ခွန်းပြောစရာမလိုဘဲ စက္ကူတန်ချိန် ၇၀၀ ရောင်းချပေးပါမည်ဟု ကတိပေးလိုက်၍ ကျွန်တော်တို့ ပြည်တော်ပြန် အဝင်လှခဲ့သည်။ သတင်းစာများ ဆက်လက်၍ ထုတ်ဝေနိုင်ခဲ့သည်။

ထိုသို့ရုရှားတို့၏ မိတ်ဆွေကောင်းပီသသော စိတ်ဓာတ်၊ ချစ်ကြည်ရေးစိတ်ဓာတ်ကို ကိုယ်တွေ့ကြုံခဲ့ရာ လေးစားခဲ့ရ၊ ကျေးဇူးတင်ခဲ့ကြရသည်ကို မမေ့ပါ။ ကျွန်တော်၏ ရုရှားအတွေ့အကြုံကို ရေးသားတင်ပြရသည်မှာ ဟိုးယခင်ကတည်းက ကျွန်တော်တို့အပေါ် မိတ်ဆွေကောင်းပီသသော ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြောင်း သိစေလို၍ ဖြစ်ပါသည်။

ယခုနှစ်တွင် ရုရှား-မြန်မာသံတမန်ဆက်ဆံရေးသည် (၇၇)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံမှု၊ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ အပြန်အလှန်လည်ပတ်မှု၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတို့၌ တိုးတက်မှုများဖြစ်ပေါ်လျက်ရှိပြီး ဆက်လက်၍လည်း ဆက်သွယ်ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းများအရ သိရပါသည်။

> ❝ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ပထဝီအနေအထားအရလည်း အလွန်အရေးပါသောနိုင်ငံဖြစ်သည်။ ဘယ်လောက်ပဲ ရုရှားနိုင်ငံ၏ အောင်မြင်မှုများကို တိုက်ခိုက်နေပါစေ ရုရှားနိုင်ငံ၏ ဖြစ်ထွန်းအောင်မြင်မှုများကိုတော့ ဘယ်လိုမှ သူတို့နှိမ်နင်းလို့ ရမည်မဟုတ်ပါ။ ထို့ကြောင့် ရုရှားနိုင်ငံ၏ ကြွယ်ဝမှုနှင့် နည်းပညာများကို ကျွန်တော်တို့ အာရှဒေသတွင် လာရောက်ဖြန့်ကြက်ပြီး ဆောင်ရွက်စေလိုပါသည်။ ရုရှားနိုင်ငံ သမ္မတကြီး မစ္စတာပူတင်ကလည်း အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံကို ၎င်းတို့၏ ယုံကြည်စိတ်အချရဆုံး မိတ်ဆွေအဖြစ် သဘောထားကြောင်း ပြောကြားသည်ဟု သိရသဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရနိုင်ပါကြောင်းဆိုချင်❞

## အာရှဒေသတွင် လာရောက်ဖြန့်ကြက်ပြီး ဆောင်ရွက်စေလို

ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ပထဝီအနေအထားအရလည်း အလွန်အရေးပါသော နိုင်ငံဖြစ်သည်။ ဘယ်လောက်ပဲ ရုရှားနိုင်ငံ၏ အောင်မြင်မှုများကို တိုက်ခိုက်နေပါစေ ရုရှားနိုင်ငံ၏ ဖြစ်ထွန်းအောင်မြင်မှုများကိုတော့ ဘယ်လိုမှ သူတို့နှိမ်နင်းလို့ ရမည်မဟုတ်ပါ။ ထို့ကြောင့် ရုရှားနိုင်ငံ၏ ကြွယ်ဝမှုနှင့် နည်းပညာများကို ကျွန်တော်တို့ အာရှဒေသတွင် လာရောက်ဖြန့်ကြက်ပြီး ဆောင်ရွက်စေလိုပါသည်။ ရုရှားနိုင်ငံ သမ္မတကြီး မစ္စတာပူတင်ကလည်း အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံကို ၎င်းတို့၏ ယုံကြည်စိတ်အချရဆုံး မိတ်ဆွေအဖြစ် သဘောထားကြောင်း ပြောကြားသည်ဟု သိရသဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရနိုင်ပါကြောင်း ဆိုချင်ပါသည်။

မြန်မာနိုင်ငံ၌ လူဦးရေ ၅၁ သန်းကျော် ရှိပါသည်။ မိမိတို့ဝန်းကျင်တွင်ရှိသည့် နိုင်ငံများ၌ စုစုပေါင်း လူဦးရေ သန်းပေါင်း ၃၀၀၀ နီးပါး ရှိပါသည်။ ရုရှားနိုင်ငံမှ တိုက်ရိုက်လာရောက် ရင်းနှီးမြှုပ်နှံပြီး အဆွေတော်တို့ နည်းပညာဖြင့် ထုတ်လုပ်မည် ဆိုလျှင် မုချအကျိုးရှိမည်ဟု မိမိပြောရဲပါသည်။

လာရောက် ရင်းနှီးမြှုပ်နှံရေးနှင့်ပတ်သက်၍ အခက်အခဲအခြေအနေများကို ခေါင်းထဲထည့်ရန် မလိုပါ။ ထိုအခက်အခဲဆိုသည်များမှာ ယာယီပြဿနာမျှသာ ဖြစ်ပါသည်။ အားလုံးပူးပေါင်းဆောင်ရွက်လျှင် အခက်အခဲဟူသမျှ ပြေပျောက်သွားမည်သာဖြစ်ပါသည်။ နိုင်ငံတော်အကြီးအကဲနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးဗလာဒီမာပူတင်နှင့် တွေ့ဆုံရာတွင် မြန်မာ-ရုရှား မိတ်ဖက်ဆက်ဆံရေး၊ မဟာမိတ်ဆက်ဆံရေး၊ ခိုင်မာသည့်ဆက်ဆံရေး ဖန်တီးနိုင်ခဲ့ပါသည်။ စာမျက်နှာ ၁၃ သို့ ✪

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ မှ ကြီးကြပ်ရေးဘုတ်အဖွဲ့ဝင် မစ္စတာဆာဂေးရှတီရော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်မှုဖြစ်သည့် သဘာဝမြေဩဇာစက်ရုံ တည်ဆောက်ရေး စီမံကိန်းဆိုင်ရာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မိမိတို့ဝန်ကြီးဌာနနှင့် ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းများ၏ MoU ရေးထိုးနိုင်မှုအခြေအနေများ၊ ရုရှားနိုင်ငံမှ ပံ့ပိုးပေးသည့် နေကြာမျိုးကိုးမျိုးကို စိုက်ပျိုးရေးသမဝါယမ အသင်းများဖြင့် စမ်းသပ်စိုက်ပျိုးခဲ့မှုအခြေအနေများ၊ ရွက်ဖျန်းအားဆေးရည် ထုတ်လုပ်အသုံးပြုနိုင်ရေး ဆောင်ရွက်နေသည့် အခြေအနေများနှင့် သဘာဝမြေဩဇာစက်ရုံ တည်ဆောက်ရေးလုပ်ငန်းအား ဒီဇင်ဘာလတွင်စတင်နိုင်ရေးနှင့် စက်ရုံကို တစ်နှစ်အတွင်း ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig အား လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် မစ္စတာဂျေမီနာ ဒယ်ရွိုက်အား ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNFPA အဖွဲ့တို့ အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဆေးနှင့်ဆေးပစ္စည်းများပြတ်လပ်မှုမရှိရေး ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် မိခင်သေဆုံးမှုလျှော့ချရေးလုပ်ငန်းများတွင် UNFPA က ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ၂၀၂၆ ခုနှစ်အတွင်း ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် မိခင်နှင့်မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ UNFPA ရုံးမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ယုဇနလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ



ဘားအံ ဒီဇင်ဘာ ၃

ကရင်ပြည်နယ် ဘားအံမြို့နယ် ထုံးအိုင်စံပြကျေးရွာ ယုဇနလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက ထုံးအိုင်စံပြကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ အသင်းဥက္ကဋ္ဌ ဦးမင်းမြတ်စိုးက သဘာပတိအဖြစ် ဆောင်ရွက်၍ အမှာစကားပြောကြားပြီး ဘားအံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မျိုးမျိုးထွေးက သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် အသင်းများဆက်လက်ရှင်သန်ဖွံ့ဖြိုးစေမည့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အသင်းအမှုဆောင် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်း၊ အသင်းစာရင်းစစ်အစီရင်ခံစာများကို ဖတ်ကြားတင်ပြအတည်ပြုချက်ရယူခဲ့ပြီး တက်ရောက်လာသော အသင်းသားများအား အစုပေါ်အမြတ်ငွေများ၊ စုဆောင်းငွေပေါ်အတိုးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❂ စာမျက်နှာ ၁၂ မှ

ယုံကြည်စိတ်ချရဆုံးနှင့် မြန်မာနိုင်ငံအတွက် ထာဝရမိတ်ဆွေဖြစ်နေမည့် နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်သည်။ ထို့ကြောင့်မိတ်ဆွေ ရုရှားနိုင်ငံသူ နိုင်ငံသားများနှင့် ရုရှားလုပ်ငန်းရှင်များကို ကြိုဆိုပါသည်ဟု ပြောကြားလိုပါသည်။

**နှစ်နိုင်ငံချစ်ကြည်ရေးသီချင်းကို သတိရမိ**

၁၉၆၂ ခုနှစ် ဇူလိုင်၊ ဩဂုတ်လက မြန်မာလူငယ် ၃၀ ပါရှိသော အဖွဲ့တစ်ဖွဲ့သည် တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံ၊ ဖင်လန်နိုင်ငံ ဟယ်လ်စင်ကီမြို့တော်ခရီး၊ ကမ္ဘာ့ ၈ ကြိမ်မြောက် ကမ္ဘာ့လူငယ်ပွဲတော်သို့ တက်ရောက်ခဲ့ကြပါသည်။ ကျောင်းသားအဖွဲ့အစည်းများမှ ကျောင်းသားလူငယ်များ၊ ပြည်သူ့လူငယ်ကိုယ်စားလှယ်များ၊ အားကစားလူငယ်များ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်လူငယ်များ ပါဝင်ကြသည်။ ခရီးစဉ်အတွင်း မော်စကိုမြို့တွင် မြန်မာလူငယ်ကိုယ်စားလှယ်များ ရက်သတ္တသုံး၊ လေးပတ်လှည့်လည်လေ့လာခဲ့ကြသည်။ ထိုစဉ်က စာပေ၊ ရုပ်ရှင်၊ တေးဂီတအနုပညာ လူငယ်ကိုယ်စားလှယ်များအဖြစ် ရုပ်ရှင်မင်းသားကိုမြတ်လေး၊ စာရေးဆရာနှင့် ရုပ်ရှင်ဒါရိုက်တာ မောင်နေမျိုး၊ စန္ဒရားချစ်ဆွေ၊ စာရေးဆရာ၊ သတင်းစာဆရာ တက္ကသိုလ်မြတ်သူ၊ အဆိုကျော် ကိုမင်းနောင်၏ဇနီး အဆိုတော်

> **ဖော်လ်ဂါမြစ်သည် ရုရှားနိုင်ငံ၏ အထင်ကရမြစ်ကြီးဖြစ်ပြီး ဧရာဝတီက မြန်မာနိုင်ငံ၏ အထင်ကရမြစ်ဖြစ်ပါသည်။ မော့စ်ကပါမြစ်မှာ မော်စကိုမြို့ကို လှည့်ပတ်စီးဆင်းနေသောမြစ်ဖြစ်ပါသည်။ မြစ်တို့သည် အေးချမ်းညင်သာစွာ စီးဆင်းရင်း လှပသောရှုခင်း၊ သာယာသော ဥတုရာသီ၊ စိုက်ပျိုးရေး၊ သောက်သုံးရေများကိုလည်း ပေးကြပါသည်။ ထို့ကြောင့် နှစ်နိုင်ငံ အေးချမ်းချောမွေ့သော ချစ်ကြည်ရေးကို မြစ်ရေညင်သာစီးဆင်းခြင်းနှင့် တင်စားခိုင်းနှိုင်းလေ့ရှိကြ**

မရီလေးတို့လည်းပါခဲ့ကြသည်။ ရုရှားနိုင်ငံအတွင်း လည်ပတ်လေ့လာစဉ် မြန်မာ-ရုရှားနှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် မင်းသားကြီး ကိုမြတ်လေး ရေးကာ၊ စန္ဒရားချစ်ဆွေကတီး၊ ကျွန်တော်တို့ သီဆိုခဲ့ကြသော နှစ်နိုင်ငံချစ်ကြည်ရေးသီချင်းကို သတိရမိပါသည်။ သီချင်းအစပိုဒ်မှာ ဤသို့ဖြစ်ပါသည်။

"တသွင်သွင် - စီးဆင်းနေသော ဧရာဝတီ...... တသွင်သွင်စီးဆင်းနေသော ဗော်လ်ဂါနဒီ ...စီးလော့ --စီးလော့--စီးဆင်းလော့--တက်ညီလက်ညီ၊ အင်အားရှိသမျှ စီးဆင်းလော့--ပန်းတိုင်ခရီးကနီးပြီ ...နီးပြီ--ဧရာဝတီ--ဗော်လ်ဂါနဒီ--ဧရာဝတီ... မော့စ်ကပါနဒီ---

ဗော်လ်ဂါမြစ်သည် ရုရှားနိုင်ငံ၏ အထင်ကရမြစ်ကြီးဖြစ်ပြီး ဧရာဝတီက မြန်မာနိုင်ငံ၏ အထင်ကရမြစ်ဖြစ်ပါသည်။ မော့စ်ကပါမြစ်မှာ မော်စကိုမြို့ကို လှည့်ပတ်စီးဆင်းနေသော မြစ်ဖြစ်ပါသည်။ စိန့်ပီတာစဘတ်မြို့ကိုမူ နီပါးမြစ်က ကွေ့ကောက်စီးဆင်းပါသည်။ ရုရှားနိုင်ငံတွင် ဒွန်မြစ်သည်လည်း နာမည်ကျော်ပါသည်။ စာပေနိုဘယ်ဆုရ ရုရှားစာရေးဆရာ မီခေးလ်ရှိုလိုကော့ ရေးသားသော And Quiet Flow the Don ဝတ္ထု(ရုပ်ရှင်)ကို မြန်မာစာရေးဆရာများက တငြိမ့်ငြိမ့်ဒွန်ဟူ၍လည်းကောင်း၊ ဒွန်မြစ်ညင်သာစီးလျက်ပါဟူ၍လည်းကောင်း ဘာသာပြန်ဆိုခဲ့ကြပါသည်။ ရှင်ရာဟုလာကစ္စည်း၏ ဗော်လ်ဂါမှ ဂင်္ဂါသို့ စာအုပ်လည်း ကမ္ဘာကျော်ခဲ့ပါသည်။

မြစ်တို့သည် အေးချမ်းညင်သာစွာ စီးဆင်းရင်း လှပသောရှုခင်း၊ သာယာသော ဥတုရာသီ၊ စိုက်ပျိုးရေး၊ သောက်သုံးရေများကိုလည်း ပေးကြပါသည်။ ထို့ကြောင့် နှစ်နိုင်ငံ အေးချမ်းချောမွေ့သော ချစ်ကြည်ရေးကို မြစ်ရေညင်သာစီးဆင်းခြင်းနှင့် တင်စားခိုင်းနှိုင်းလေ့ရှိကြပါသည်။

ယခု အောင်မြင်မှုအမြောက်အမြားဖြင့် မြန်မာ-ရုရှား-မြန်မာ-ဘယ်လာရုစ် နိုင်ငံတို့၏ ချစ်ကြည်ရေးများကိုလည်း ဧရာဝတီ -- ဗော်လ်ဂါနဒီ -- ဧရာဝတီ -- မော့စ် ကပါနဒီဟူ၍ ဆောင်းပါးခေါင်းစဉ်တပ်လိုက်ရပါကြောင်း။ ။

■

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် အားကစားကွင်း၌ ကျင်းပသည်။



**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့သည် ၂၀၂၆ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပမည့် အာဆီယံ မသန်စွမ်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မသန်စွမ်းအားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားအား စတင်ရာ ပြေးခုန်ပစ်ပြိုင်ပွဲများဖြစ်သည့် မီတာ ၁၀၀ အပြေးပြိုင်ပွဲ(ကျား) T63/T64 (ခြေတစ်ဖက်ချို့ယွင်းသူများ)၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲ(မ) T11/T12 (အမြင်အာရုံချို့ယွင်းသူများ)၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲ (ကျား) T37/T38 (သူငယ်နာအကြောတင်းသူများ)၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲ (ကျား) T46/ T47 (လက်တစ်ဖက်တံတောင် အထက်/အောက် ချို့ယွင်းသူများ)၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲ (ကျား) T11/T12 (အမြင်အာရုံချို့ယွင်းသူများ)၊ ရေကူးပြိုင်ပွဲများဖြစ်သည့် S5/S6/S7 မီတာ ၅၀ အလွတ်ကူး (အမျိုးသား)၊ S10 မီတာ(၅၀) ပက်လက်ကူး(အမျိုးသား)၊ စစ်တုရင်ပြိုင်ပွဲတွင် အမျိုးသားအမြန်ရွှေ့ စစ်တုရင်နှင့် အမျိုးသမီးအမြန်ရွှေ့စစ်တုရင် ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုများရရှိသူများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ကြသည်။

ဆက်လက်၍ ဂိုးလ်ဘောပြိုင်ပွဲ (က)အသင်းနှင့် (ခ)အသင်းတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများနှင့် ၂၀၂၆ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပမည့် အာဆီယံမသန်စွမ်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မသန်စွမ်းအားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဂုဏ်ပြုချီးမြှင့်ငွေများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

## ပုသိမ်မြို့၌ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

ပုသိမ် ဒီဇင်ဘာ ၃

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်သည်။




**ပြောကြား**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် "လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများ ပါဝင်သော လူ့အဖွဲ့အစည်းများ မြှင့်တင်ပေး" နှင့်အညီ မသန်စွမ်းသူများ ပါဝင်သည့် လူ့အဖွဲ့အစည်းမှသည် လူမှုစီးပွားဘဝ မြင့်မားစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန် လိုပါကြောင်း တိုက်တွန်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ သဝဏ်လွှာ Video Clip ပြသမှုနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် မသန်စွမ်းသူများအရေးနှင့် ပတ်သက်သည့် Video Clip ပြသမှုများကိုကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မသန်စွမ်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် ထိုင်းနိုင်ငံတွင် ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဧရာဝတီတိုင်းဒေသကြီးမှ မသန်စွမ်းအားကစားသမားများအား ဂုဏ်ပြုငွေများကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အကြို အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးကလည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား တိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီဒုတိယဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီးကလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## ကျိုက်လတ်မြို့နယ်၌ ကျေးရွာချင်းဆက်လမ်း မြေကာတုတ်ရိုက်နေမှု ကြည့်ရှုစစ်ဆေး

ကျိုက်လတ် ဒီဇင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု (ပြင်ဆင်ထိန်းသိမ်းခြင်း) ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ပဆင-လှည်းဆိပ်ကျေးရွာချင်းဆက်လမ်း မြေကာတုတ်ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယမန်နေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ ဖျာပုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမိုးမြင့်နှင့် တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာဖြင့် ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ကျိုက်လတ်(ပြန်/ဆက်)

## ပုသိမ်မြို့၌ KG ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးခြင်းများဆောင်ရွက်

ပုသိမ် ဒီဇင်ဘာ ၃

ကျန်းမာရေး ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော KG ကျောင်းသားကျောင်းသူများအား အာဟာရကျွေးမွေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက KG ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးခဲ့ကြပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။



ထို့နောက် ကျောင်းအုပ်ဆရာမကြီးက ကျောင်းမုန့်ဈေးတန်းဈေးရောင်းချနေမှုများကို လိုက်လံရှင်းလင်းပြသရာ နာယကကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## ကျုံပျော်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြား နေ့ချင်းပြီးဆောင်ရွက်ပေး

ကျုံပျော် ဒီဇင်ဘာ ၃

ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်မြို့နယ် အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများအား မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးမှုကို ကျုံပျော်မြို့ ရောမင်းခန်းမ၌ ယနေ့နံနက်ပိုင်းက စတင်ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီပေးကာ ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် e-ID Smart Card များအား ကာယကံရှင်များထံသို့ ပေးအပ်ခဲ့သည်။

ယနေ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းစိုးအောင် ဦးဆောင်သည့် ဝန်ထမ်းများက ပြည်သူ ၁၁၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဓမ္မဝိဇယသာသနာ့ဗိမာန်တော်ကြီးကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းအပ်နှံပွဲနှင့် ရွှေတိဂုံစေတီတော်အရှေ့ဘက်ရှိ ပိဋကဗျူဟာဆိုင်းဘုတ်ဖွင့်ပွဲ ကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အင်းယားမြိုင်လမ်းရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ပိုင် အလယ်တောရစံပြစာသင်တိုက်အတွင်း တည်ဆောက်ပြီးစီးခဲ့သည့် ဓမ္မဝိဇယသာသနာ့ဗိမာန်တော်ကြီးအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းအပ်နှံပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မဝိဇယသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယက ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ဒုတိယပါမောက္ခချုပ်(စီမံ)၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တက်လမ်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဩဝါဒကထာ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအေးထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီးတက်လမ်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌက ဓမ္မဝိဇယသာသနာ့ဗိမာန်တော်ကြီး လွှဲပြောင်းလှူဒါန်းမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ဆက်လက်၍ တက်လမ်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌက ဓမ္မဝိဇယသာသနာ့ဗိမာန်တော်ကြီး RC လေးထပ်အဆောက်အအုံသစ် လွှဲပြောင်းလက်ခံမှတ်တမ်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူပြီး ညွှန်ကြားရေးမှူးချုပ်က တက်လမ်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌထံ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၍ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဇော်ဇော်ဦးက ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယမန်နေ့နံနက် ၉ နာရီခွဲတွင် ရွှေတိဂုံစေတီတော်အရှေ့ဘက် အာဇာနည်လမ်းရှိဦးစံချိန် ပိဋကတ်တိုက် အဆောက်အအုံရှေ့၌ ပိဋကဗျူဟာရုံးခန်းဆိုင်းဘုတ်ဖွင့်ပွဲကျင်းပသည်။

အခမ်းအနားကို ဒုတိယဝန်ကြီးဦးအေးထွန်းနှင့် တာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ပိဋကဗျူဟာအဖွဲ့ မင်္ဂလာဗျူဟာအသင်းချုပ်မှ တာဝန်ရှိသူများနှင့် ဘာသာရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး ပိဋကဗျူဟာဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအေးထွန်းက ခေတ်အဆက်ဆက် ပိဋကဗျူဟာအဖွဲ့ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူပြီး နှစ် ၅၀ အတွင်း ရှားပါးပိဋကတ်စာပေများကို ပုံနှိပ်ထုတ်ဝေလာခဲ့ရာ ကျမ်းစာပေ ၃၄ မျိုးကို ပုံနှိပ်ထုတ်ဝေဖြန့်ချိနိုင်ခဲ့ပြီးဖြစ်ကြောင်း ပြောကြား၍ ပိဋကဗျူဟာအဖွဲ့ မင်္ဂလာဗျူဟာအသင်းချုပ်ဥက္ကဋ္ဌ ဦးအမ်းယုမောင်က အသင်း၏ သမိုင်းကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်အမည်စာရင်းများ ဒုတိယအကြိမ်ကပ်ထားကြေညာပေးလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုမှုအပြင် မိမိတို့မဲစာရင်းများ ပါ၊ မပါသိရှိနိုင်ရန် တာဝန်ရှိသူများက တစ်အိမ်တက်ဆင်းစနစ်ဖြင့် မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အိမ်ထောင်စုလူဦးရေစာရင်းတွင် ပါဝင်သည့် အမည်စာရင်းနှင့် မဲစာရင်း၌ ပါဝင်သည့်အမည်စာရင်း မှန်၊ မမှန် စိစစ်၍ မဲစာရင်း၌ မိမိအမည်မပါဝင်ပါက ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းတွင် အမည်စာရင်းမပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ရွှေကျင်မြို့နယ်တွင် ဆောင်ရွက်စဉ်။ ထွန်းထွန်းဇော်(ပြန်/ဆက်)



လှိုင်မြို့နယ်တွင် ဆောင်ရွက်စဉ်။ ဇော်ဇော်နိုင်(ပြန်/ဆက်)



သာစည်မြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ပဲခူးမြို့နယ်တွင် ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



ရပ်စောက်မြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ရွာငံမြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

**ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်**

# ခန္တီးမြို့၌ တစ်မဂ္ဂါဝပ် ဆိုလာဓာတ်အားပေးစက်ရုံ ဖွင့်ပွဲ ကျင်းပ



**မုံရွာ ဒီဇင်ဘာ ၃**

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တစ်မဂ္ဂါဝပ်ဆိုလာဓာတ်အားပေးစက်ရုံ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ကျင်းပသည်။

ဖွင့်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခန္တီးမြို့ပေါ်ရှိ ဒေသခံတိုင်းရင်းသားများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ခန္တီးမြို့ ဆိုလာဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် လောကသစ္စာကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခန္တီးမြို့နေဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများက တစ်မဂ္ဂါဝပ် ဆိုလာဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် Video Clip ကို ကြည့်ရှုသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး၊ တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် လောကသစ္စာကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးတို့က တစ်မဂ္ဂါဝပ်ဆိုလာ ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး ဆိုလာဓာတ်အားပေးစက်ရုံ၊ ဒီဇယ်ဓာတ်အားပေးစက်များနှင့် ဆိုလာချပ်များ တပ်ဆင်ထားရှိမှုများကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီခဲ့ကြသည့် ဘင်ခရာ/ပန်းဖွားအဖွဲ့များနှင့် ခန္တီးမြို့ပေါ်ရှိ တိုင်းရင်းသားရိုးရာ အကအဖွဲ့များ ကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါခန္တီးမြို့ တစ်မဂ္ဂါဝပ် ဆိုလာဓာတ်အားပေးစက်ရုံကို ဆိုလာပြား ၁၅၄၂ ချပ်၊ အင်ဗာတာ ၁၂၅ ကီလိုဝပ် ရှစ်လုံးနှင့် ဘက်ထရီ ၂၈၈ လုံး တပ်ဆင်ကာ ခန္တီးမြို့နေပြည်သူများအား ၂၄ နာရီ လျှပ်စစ်မီး ပေးလျက်ရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အတွင်းရေးမှူးအဖွဲ့ အဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသား ကော်မတီ၏ အတွင်းရေးမှူးအဖွဲ့ အဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ယာယီအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ခေါင်းဆောင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ကလေးအလုပ်သမား ပပျောက်ရေးနှင့်စပ်လျဉ်း၍ အစိုးရဌာန၊ အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ Focal Ministry အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကလေးအလုပ်သမားဆိုင်ရာ အခြေခံဗဟုသုတများ ပြန့်ပွားစေရန် ရည်မှန်းချက် (၆)ရပ်၊ ကာလရှည် (၁၅)နှစ် စီမံကိန်းကို ကာလတို (၅)နှစ် စီမံကိန်းသုံးကြိမ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဒုတိယ(၅)နှစ်တာကာလရောက်ရှိနေပြီဖြစ်ကြောင်း၊ နှစ်စဉ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့်“ကမ္ဘာ့ကလေး အလုပ်သမား ဆန့်ကျင် တိုက်ဖျက်ရေးနေ့” အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် မြေစိုက်ပိုစတာနှင့် Billboard စိုက်ထူခြင်း၊ အသိပညာပေး ဆွေးနွေးခြင်း၊ Talk Show ပြုလုပ်ခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

လုပ်ငန်းကော်မတီ အလိုက် အညွှန်းကိန်းရလဒ်များရရှိအောင် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကော်မတီအလိုက် ပါဝင်ဖွဲ့စည်းထားသည့် အစိုးရဌာန၊ အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်း၊ လူမှုရေး အဖွဲ့အစည်းများအနေဖြင့် အချင်းချင်းပေါင်းစပ်ညှိနှိုင်းပြီး ယနေ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းကော်မတီ (၈) ရပ်၏ လုပ်ငန်းဆောင်ရွက်ချက်၊ အားသာချက်၊ အားနည်းချက်၊ ကြုံတွေ့ရသည့် အခက်အခဲများ၊ အမျိုးသား ကော်မတီမှ ဆောင်ရွက်ပေးရမည့် အချက်များကို ဆွေးနွေးတင်ပြရန်နှင့် အမျိုးသားကော်မတီ အဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တင်ပြအတည်ပြုချက်ရယူမည့်ကိစ္စရပ်များကို အလေးထားဆွေးနွေး တင်ပြရန် မှာကြားသည်။

ယင်းနောက် အမျိုးသား ကော်မတီ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များက သက်ဆိုင်ရာ လုပ်ငန်းကော်မတီ အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြပြီး အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# မင်းလှမြို့နယ်၌ စိုက်ပျိုးရေး ဆေးဆိုင်များအား မီးဘေးလုံခြုံရေး စစ်ဆေး

**မင်းလှ ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ရှိ စိုက်ပျိုးရေးဆေးဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို နိုဝင်ဘာ ၂၇ ရက်က ဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စိုးလင်း၏ ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးယဉ်ငြိမ်းနှင့် တပ်ဖွဲ့ဝင်များက မင်းလှမြို့ပေါ်ရှိ စိုက်ပျိုးရေးဆေးဆိုင်များအတွင်း မီးလောင်လွယ်သည့် ကုန်ပစ္စည်းများ သိုလှောင်ခြင်းမပြုရန်၊ မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများ လုံလောက်စွာထားရှိရန်နှင့် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း လိုက်နာရန် စစ်ဆေးအကြံပြုခဲ့ကြောင်း သိရသည်။

**ကောင်းစစ်နိုင်**

# ဗဟန်းမြို့နယ်၌ ရွေးကောက်ပွဲလှုံ့ဆော်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ရွေးကောက်ပွဲအောင်မြင်ရေးလှုံ့ဆော်မှု လက်ကမ်းစာစောင်များကို ဗဟန်းမြို့နယ် ကားမှတ်တိုင်များ၊ YBS ယာဉ်လိုင်းများတွင် ယနေ့နံနက်ပိုင်းမှစတင်၍ ဖြန့်ဝေလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကံဝင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက “ဒို့အတူတူမဲပေးကြမယ်” ရွေးကောက်ပွဲလှုံ့ဆော်ရေး လက်ကမ်းစာစောင်များကို ဗဟန်းမြို့နယ် အတွင်းရှိ လူစည်ကားရာနေရာများဖြစ်သည့် ကားမှတ်တိုင်များ၊ YBS ယာဉ်လိုင်းများတွင် ပြည်သူ့လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရန်လင်း(ပြန်/ဆက်)**




ရောဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်း ဆန်စက်များအား မြို့နယ်ဒုတိယမီးသတ်ဦးစီးမှူး ဦးတင်မျိုးဝင်း ဦးဆောင်သော သန္ဓေတပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်တာဝန်ရှိ ပူးပေါင်းအဖွဲ့များ ဒီဇင်ဘာ ၃ ရက်က မီးဘေးလုံခြုံရေးစစ်ဆေးစဉ်။

မိုးဟိန်းထက်

**နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေဖို့ မဲပေးကြပါစို့**




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အား ဖောက်ခွဲဖျက်ဆီးခဲ့မှု။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ကျေးရွာ စစ်ဆေးပြီး အဆောက်အအုံ အကွက်ချမြေပုံ။

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၂၉၃ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၆၁ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်

နေပြည်တော် ဒီဇင်ဘာ ၃

မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင် အဆောက်အအုံများ အတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းနှင့် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ ၂၉၃ လုံးကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီး ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၆၁ လုံးကို ချိပ်ပိတ်သိမ်းဆည်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။




ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park) အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ ဖြစ်သော နှစ်ထပ်အဆောက်အအုံ နှစ်လုံး၊ သုံးထပ်အဆောက်အအုံ တစ်လုံး၊ လေးထပ်အဆောက်အအုံ နှစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံငါးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိအဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၄၅ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၂၉၃ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုများလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၃၈၃ လုံးကို စစ်ဆေးနိုင်ခဲ့ပြီး ၎င်းတို့အနက် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်ခဲ့သည့် အဆောက်အအုံ ၁၆၉ လုံးကို စစ်ဆေးတွေ့ရှိရကြောင်း၊ အဆိုပါအဆောက်အအုံများအား ပြန်လည်အသုံးချမှု မရှိစေရေးအတွက် ချိပ်ပိတ်သိမ်းဆည်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ တရားမဝင် အဆောက်အအုံ ၁၆၁ လုံးကို ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် အဆိုပါ တရားမဝင်အဆောက်အအုံများအနက် ယနေ့တွင် ဟုံထု ၁၃ ထပ် အဆောက်အအုံတစ်လုံးကို စတင်၍ စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၉၅၄ ဦးနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ အလုံး ၃၃၁၀၊ မိုဘိုင်းဖုန်း အလုံး ၂၁၈၇၀၊ star Link ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံး ပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိ ပစ္စည်းများအား စနစ်တကျ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



KK Park နယ်မြေအတွင်း တရားမဝင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေမှ အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၉၃ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၅၆ ဦးနှင့် ပါကစ္စတန်နိုင်ငံသား ၁၁ ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၃၆၀ တို့ကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၉၆၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၉၈၄ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း အဆောက်အအုံဖြိုချဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။



တရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံများရှိ အသုံးအဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးနေပုံ။

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြစ်ရေလမ်းကြောင်းတိုးတက်ကောင်းမွန်ရေး သောင်တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြစ်ရေလမ်းကြောင်းတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် နုန်းအနည်ထိုင်မှုများ များပြားလာခဲ့ပြီး ရေစီးရေလာများပိတ်ဆို့၍ ရေကြီးရေလျှံခြင်း၊ ရေစူးအနက်များ ကျဆင်း၍ ရေယာဉ်များဝင်ထွက်သွားလာရေးအား အဟန့်အတားဖြစ်စေခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် ရေစီးရေလာကောင်းမွန်ရေးနှင့် ရေလမ်းကြောင်းတိုးတက်ကောင်းမွန်ရေးတို့အတွက် ရေလမ်းကြောင်းတစ်လျှောက် သောင်တူးဖော်ရှင်းလင်းခြင်းနှင့် ထွက်ရှိလာသောသဲများအား ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပြည်တွင်း/ ပြည်ပကုမ္ပဏီကြီးများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၂။ ရေလမ်းကြောင်းတိုးတက်ကောင်းမွန်ရေး သောင်တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းသည် စီးပွားရေးဆန်ဆန်သောင်တူးဖော်ခြင်း(Spot Dredging)မျိုးမဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်၏ Eco System ကို ထိခိုက်မှုမရှိစေရန် တူးဖော်ရှင်းလင်းရခြင်း၊ ဌာနမှသတ်မှတ်ပေးသည့် ရေလမ်းကြောင်းတစ်လျှောက်ရှိ ရေတိမ်ကွက်များကိုသာ မူလရေစူးအနက် ပြန်လည်ရရှိအောင် တူးဖော် ရှင်းလင်းရခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးကို ထိခိုက်နှောင့်ယှက်မှုမရှိစေရန် ဆောင်ရွက်ရခြင်း၊ လိုအပ်ပါက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဒေသလိုအပ်ချက်များတွင် ကူညီပံ့ပိုးဆောင်ရွက်ရခြင်း စသည့်အခြေအနေများကြောင့် လုပ်ငန်း အတွေ့အကြုံ၊ နည်းပညာ၊ စက်ယန္တရား၊ ကျွမ်းကျင်ပညာရှင်များနှင့် ဘဏ္ဍာရေးကိစ္စရပ်များတွင် ကောင်းမွန်ပြည့်စုံခိုင်မာမှုရှိရန် အထူးလိုအပ်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍အထက်ဖော်ပြပါ လုပ်ငန်းအတွေ့အကြုံ နည်းပညာ၊ စက်ယန္တရား၊ ကျွမ်းကျင်ပညာရှင်များနှင့် ဘဏ္ဍာရေးကိစ္စရပ်များ ပြည့်စုံ၍ လုပ်ငန်းဆောင်ရွက်လိုသောပြည်တွင်း / ပြည်ပကုမ္ပဏီကြီးများအနေဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများအား အောက်ပါအတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည် [ပြည်ပကုမ္ပဏီကြီးများအနေဖြင့် ပြည်တွင်းကုမ္ပဏီနှင့် JV ပြုလုပ်ခြင်း သို့မဟုတ် မြန်မာနိုင်ငံရုံးခွဲဖွင့်လှစ်ခြင်း(သို့မဟုတ်) တင်ဒါရွေးချယ်ခြင်းခံရပါက မြန်မာနိုင်ငံတွင် မှတ်ပုံတင်မည်ဖြစ်ကြောင်း အထောက်အထားများ လိုအပ်မည်ဖြစ်ပါသည်]–

(က) လျှောက်လွှာဝယ်ယူရမည့်နေရာ – မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ဗိုလ်တထောင်
( ခ ) လျှောက်လွှာ ရောင်းချမည့် နေ့ရက်/အချိန် – ၈–၁၂–၂၀၂၅ မှ ၃၁–၁၂–၂၀၂၅ရက်နေ့(၁၄:၀၀)နာရီ (ရုံးချိန်အတွင်း)
( ဂ ) လျှောက်လွှာ လက်ခံမည့် နေရာ၊ နေ့ရက်/အချိန် – မြန်မာ့ဆိပ်ကမ်းအာဏာပိုင်– ရုံးချုပ် ၆–၁–၂၀၂၆ (၁၃:၀၀)နာရီ
(ဃ) လျှောက်လွှာဖွင့်ဖောက်မည့် နေ့ရက်/အချိန် – ၆–၁–၂၀၂၆ (၁၄:၀၀)နာရီ

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်–
01–246380, 09–444714377

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**
**တင်ဒါကော်မတီ**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## မွန်ပြည်နယ်၊ သံလွင်မြစ်(ဒရယ်ပေါက်)ရေလမ်းကြောင်းတိုးတက်ကောင်းမွန်ရေး သောင်တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်၊ ဘီလူးကျွန်းမြောက်ဘက်ရှိ သံလွင်မြစ်ရေလမ်းကြောင်း(ဒရယ်ပေါက်)တွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် နုန်းအနည်ထိုင်မှုများ များပြားလာခဲ့ပြီး ရေစီးရေလာများ ပိတ်ဆို့၍ ရေကြီးရေလျှံခြင်း၊ ရေစူးအနက်များ ကျဆင်း၍ ရေယာဉ်များဝင်ထွက်သွားလာရေးအား အဟန့်အတားဖြစ်စေခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် ရေစီးရေလာကောင်းမွန်ရေးနှင့် ရေလမ်းကြောင်းတိုးတက်ကောင်းမွန်ရေးတို့အတွက် ရေလမ်းကြောင်းတစ်လျှောက် သောင်တူးဖော်ရှင်းလင်းခြင်းနှင့် ထွက်ရှိလာသော သဲများအား ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပြည်တွင်း/ ပြည်ပကုမ္ပဏီကြီးများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၂။ ရေလမ်းကြောင်းတိုးတက်ကောင်းမွန်ရေး သောင်တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းသည် စီးပွားရေးဆန်ဆန် သောင်တူးဖော်ခြင်း(Spot Dredging)မျိုးမဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်၏ Eco System ကို ထိခိုက်မှုမရှိစေရန် တူးဖော်ရှင်းလင်းရခြင်း၊ ဌာနမှသတ်မှတ်ပေးသည့် ရေလမ်းကြောင်းတစ်လျှောက်ရှိ ရေတိမ်ကွက်များကိုသာ မူလရေစူးအနက် ပြန်လည်ရရှိအောင် တူးဖော် ရှင်းလင်းရခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးကို ထိခိုက်နှောင့်ယှက်မှုမရှိစေရန် ဆောင်ရွက်ရခြင်း၊ လိုအပ်ပါက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဒေသလိုအပ်ချက်များတွင် ကူညီပံ့ပိုး ဆောင်ရွက်ရခြင်း စသည့်အခြေအနေများကြောင့် လုပ်ငန်း အတွေ့အကြုံ၊ နည်းပညာ၊ စက်ယန္တရား၊ ကျွမ်းကျင်ပညာရှင်များနှင့် ဘဏ္ဍာရေးကိစ္စရပ်များတွင် ကောင်းမွန်ပြည့်စုံခိုင်မာမှုရှိရန် အထူးလိုအပ်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍အထက်ဖော်ပြပါ လုပ်ငန်းအတွေ့အကြုံ နည်းပညာ၊ စက်ယန္တရား၊ ကျွမ်းကျင်ပညာရှင်များနှင့် ဘဏ္ဍာရေးကိစ္စရပ်များ ပြည့်စုံ၍ လုပ်ငန်းဆောင်ရွက်လိုသောပြည်တွင်း / ပြည်ပကုမ္ပဏီကြီးများအနေဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများအား အောက်ပါအတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည် [ပြည်ပကုမ္ပဏီကြီးများအနေဖြင့် ပြည်တွင်းကုမ္ပဏီနှင့် JV ပြုလုပ်ခြင်း သို့မဟုတ် မြန်မာနိုင်ငံရုံးခွဲ ဖွင့်လှစ်ခြင်း(သို့မဟုတ်) တင်ဒါရွေးချယ်ခြင်းခံရပါက မြန်မာနိုင်ငံတွင် မှတ်ပုံတင်မည်ဖြစ်ကြောင်း အထောက်အထားများ လိုအပ်မည်ဖြစ်ပါသည်] –

(က) လျှောက်လွှာဝယ်ယူရမည့်နေရာ – မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ဗိုလ်တထောင်
( ခ ) လျှောက်လွှာ ရောင်းချမည့် နေ့ရက်/အချိန် – ၈–၁၂–၂၀၂၅ မှ ၃၁–၁၂–၂၀၂၅ရက်နေ့(၁၄:၀၀)နာရီ (ရုံးချိန်အတွင်း)
( ဂ ) လျှောက်လွှာ လက်ခံမည့် နေရာ၊ နေ့ရက်/အချိန် – မြန်မာ့ဆိပ်ကမ်းအာဏာပိုင်– ရုံးချုပ် ၆–၁–၂၀၂၆ (၁၃:၀၀)နာရီ
(ဃ) လျှောက်လွှာဖွင့်ဖောက်မည့် နေ့ရက်/အချိန် – ၆–၁–၂၀၂၆ (၁၄:၀၀)နာရီ

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်–
01–246380, 09–444714377

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**
**တင်ဒါကော်မတီ**

## ဦးတာယာမြင့်ဆွေ(ဘ) ဒေါက်တာမြင့်ဆွေ [၁၂/ ဗဟန(နိုင်)၁၀၇၇၀၃] နှင့် အများသိစေရန်ကြေညာခြင်း

ဒေါ်ခင်သက်ငွေး (ဘ) ဦးယုဝေ [၁၂/ဒဂန(နိုင်)၀၁၂၇၁၇] ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် –

၁။ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်အမှတ်(မ–၅၉)၊ ဦးပိုင်အမှတ်(၃၁)၊ ဧရိယာ(၀.၁၁၀၂) အကျယ်ရှိ မြေကွက်မှာ ဦးမြင့်ဆွေ၊ ယာယီသမ္မတ(ကွယ်လွန်) အမည်ပေါက်ပိုင်ဆိုင်သည့်မြေကွက်ဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ အမွေစားအမွေခံပေးကမ်းခြင်း၊ လွှဲပြောင်းထားခြင်းမရှိသည့် အဆိုပါ မြေကွက်၏ ဂရန်သက်တမ်းကုန်ဆုံးခဲ့သဖြင့် သက်တမ်းတိုးဆောင်ရွက်ရန်အတွက် (၁၇–၇–၂၀၂၄)နှင့် (၂၀–၁၁–၂၀၂၄)ရက်စွဲပါ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ကိုယ်စားလှယ်လွှဲစာ(၂)စောင်ကို ဦးတာယာမြင့်ဆွေ (ဘ) ဒေါက်တာမြင့်ဆွေ (မိ)ဒေါ်ခင်သန်းဝင်းတို့၏သား (ခေတ္တ–ဘန်ကောက်)နေထိုင်သူ [၁၂/ဗဟန(နိုင်)၁၀၇၇၀၃]ထံ လွှဲအပ် ပေးခဲ့ပါသည်။

၂။ ထိုသို့ ဂရန်သက်တမ်းတိုးခြင်းအား ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန်အတွက် ယုံကြည်စွာ လွှဲအပ်ပေးထားသည့် ကိုယ်စားလှယ်လွှဲစာ (၂)စောင်ကို အသုံးပြုကာ ဒေါ်ခင်သက်ငွေးနှင့် သားဖြစ်သူတို့အပါအဝင် အခြားမိသားစုဝင်များမသိအောင် ဂရန်သက်တမ်းတိုးဆောင်ရွက်ပေးရမည့် မြေကွက်အား ယုံကြည်အပ်နှံရေးဖောက်ဖျက်ကာ အလွဲသုံးစားပြုလုပ်၍ ရောင်းချခဲ့သည့်အတွက် ၎င်းကိစ္စရပ်နှင့်စပ်လျဉ်း၍ ဦးတာယာမြင့်ဆွေနှင့်တကွ ပူးပေါင်းပါဝင်ပတ်သက်သူများသည် ယခုသတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်သက်ငွေးထံ လာရောက်ဖြေရှင်းပါရန်နှင့် ယင်းသို့ဖြေရှင်းခြင်းမပြုဘဲ ရှောင်တိမ်းပျက်ကွက်နေခဲ့ပါက တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများအရ ပါဝင်ပတ်သက်သူများအားလုံးအပေါ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာမြင့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၂၆၉/၂၀၁၃)**
**အဆောင် ၁၅၊ အခန်း ၅၀၁၊ MICT PARK လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**၀၉– ၄၂၀၀၈၅၃၁၆၊ ၀၉–၆၆၆၆၆၃၀၃၆**

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ချယ်ရီရိပ် ကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade – 12 ကျောင်းသား မောင်သူရစစ်နှင့် သန်းခေါင်စာရင်းအမည် မောင်ပြည့်ဖြိုးအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ချယ်ရီရိပ် ကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade–12 ကျောင်းသား မောင်စစ်နိုင်ထူးနှင့် သန်းခေါင်စာရင်းအမည် မောင်ခန့်သီဟလင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၈–၁၁–၂၀၂၅) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၁)ပါ တရားလွှတ်တော်ရှေ့နေ ဦးလှိုင်မြင့်၏ "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်" ကြေညာချက်တွင် "ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၁)ရပ်ကွက်၊ လော့ကားကျေးရွာအုပ်စု၊ **လိပ်ကုန်းကျေးရွာ**"ဟူသော ဖော်ပြချက်အစား **"လိန်ကုန်းကျေးရွာ"**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၆+၂၇ သမိုင်း (ကုန်းမြင့်ရိပ်သာ)၊ မြေကွက်အမှတ် – ၄၆/က–၂၊ အကျယ်အဝန်း ဧရိယာ–(၀.၁၈၂)ကေရှိ ဦးအောင်ထွေး အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစား မြေကွက်ကြီးအနက်မှ တရားဝင်ခွဲစိတ်ထားခြင်းမရှိသေးသော မြေအကျယ်အဝန်း– (၃၂၇၀)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အရ ပိုင်ဆိုင်လက်ဝယ်ရှိပြီး အရောင်းအဝယ် ပြုလုပ်လိုကြောင်းကမ်းလှမ်းလာသူ ဦးအောင်တင်စိုး [၁၂/လမတ(နိုင်) ၀၀၀၄၀၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်၊ အိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့် ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းမေကြည်အေးမောင် (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၆၈၈)**
**အမှတ်–(၁၁၀/က)၊ တက္ကသိုလ်ပတ်လမ်း–၁၊ (၅၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း– ၀၉–၉၆၆၂၄၃၀၂၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးရပ်ကွက်၊ ရွာလယ်လမ်း၊ အမှတ်(C9) ဟုခေါ်တွင်သော အလျား(၄၀)ပေ၊ အနံ(၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချသူ ဦးမြင့်အောင် [၁၂/မဂဒ(နိုင်) ၀၄၁၄၅၂]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုစန္ဒီတင့် [၇/ကတခ(နိုင်) ၂၀၇၀၉၄]က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စုစန္ဒီတင့်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မွေးမွေးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၈၃၇)**
**အမှတ်(၃၉၂)၊ မြေညီ(ဘီ)၊ ကန်ဦးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09–771278937**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ (၁၉)လမ်း (အလယ်ဘလောက်)၊ အမှတ် (၁၀၁)၊ (၁)ခန်းတွဲ (၆)ထပ်အဆောက်အဦရှိ အခန်းအမှတ် (၄၀၁)ကို ဦးတင့်လင်းထွန်း [၁၂/ဗတထ(နိုင်)၀၂၆၉၄၃]ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်ဆွေဇင်ညွှန့် [၁၂/ကတတ(နိုင်) ၀၂၇၈၀၀]၊ ဒေါ်ကေခိုင်ဦး[၁၂/ကတတ(နိုင်)၀၂၇၈၈၀]၊ ဒေါ်ကေသီအောင် [၁၂/ကတတ(နိုင်) ၀၂၉၂၆၃]၊ မောင်ပြည့်ဖြိုးမင်း [၁၂/ကတတ(နိုင်)၀၂၉၂၆၄]တို့က ၎င်းတို့၏အမည်ဖြင့် ပိုင်ဆိုင်မှုစာအုပ်(Owner Book) ထုတ်ယူခွင့်ပြုပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲသို့ စာရွက်စာတမ်းအထောက်အထားများဖြင့် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၂၀၈)၊ မြေပေအကျယ်(၆၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၈၂)ကေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၀၈)၊ နွယ်သာဂီလမ်းသွယ်(၃)၊ (၂၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြေစာရင်းတွင် ဒေါ်နန့်ရွှေစင် [၁၄/ကပန(နိုင်)၀၁၃၁၇၃]အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပြီး အမည်ပေါက် ဒေါ်နန့်ရွှေစင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မိသီတာဇံ [၁၀/ခဆန(နိုင်)၀၆၀၉၁၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ မြေအိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဥမ္မာခင် (LL.B, D.I.L, D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၄၄၅)**
**အမှတ်(၂၉၇/၂၉၉)၊ ၃လွှာ(C)၊ ဗညားဒလလမ်း၊ အရိုးကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၃၁၁၉၈၄၅၊ ၀၉–၉၆၄၁၁၉၈၄၅**

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ကန်သာယာ ၂ လမ်းနေ မအေးသန္တာထွန်း [၁၂/ဒဂမ(နိုင်) ၀၂၆၉၇၁]၏ ဖခင်အမည်မှန်မှာ ဦးဇော်မိုးသန်း (ခ) ဦးဇော်မျိုးသန်း [၁၂/ဒဂန(နိုင်)၀၀၃၇၉၉]သည် အမည်နှစ်မျိုးကွဲလွဲသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ Wisdom Hill Private High SchooL G–11 တွင် ပညာသင်ကြားနေသော (ဘ) ဦးသောင်းထိုက်[၇/ရတန(နိုင်) ၀၂၆၃၄၀]၏သမီး မရွှန်းလဲ့ပိုင်၏ မွေးသက္ကရာဇ်အမှန်မှာ (၉–၉–၂၀၀၉) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ် အောင်မြတ်စံ ကိုယ်ပိုင်အထက်တန်းကျောင်း (G–12)မှ မခင်လပြည့်ဦး [၁၂/ဥကမ (နိုင်) ၀၃၄၇၄၁]၏ ဖခင်အမည်မှန်မှာ ဦးနေဝင်း [၁၂/ဥကမ (နိုင်) ၂၅၃၁၄၇] ဖြစ်ပါကြောင်း။
**ဦးနေဝင်း[၁၂/ဥကမ(နိုင်)၂၅၃၁၄၇]**

## အများသိစေရန်ကြေညာစာ

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊လူနေရပ်ကွက်အမှတ်-ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ မြေကွက်အမှတ်(၁၉၃/၅၆)၊ဧရိယာ(၀. ၂၂၁)ဧကရှိဒေါ်နန်းသိန်းအောင်(၁၃/လကန(နိုင်)၀၀၆၀၀၅)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကိုဒေါ်နန်းသိန်းအောင်မှမည်သူတစ်ဦးယောက်ကိုမျှ ထပ်ဆင့်ရောင်းချပေါင်နှံပေးကမ်း၊လွှဲပြောင်းထားခြင်းမရှိကြောင်းနှင့် လွတ်လပ်စွာစီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ကန့်ကွက်လိုသူများရှိပါကခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွကျွန်ုပ်ထံသို့ဤကြေညာစာပါသည့်နေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်အေးမြင့်(စဉ်-၇၁၅၈)
LL.B, LL.M, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၇၈)၊မြေညီထပ်၊(၃၄)လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ - ၅၁၈၆၀၄၅။

**တော**
**တောင်**
**ပျက်ပြုန်း**
**မြေဆီ**
**သုဉ်း၏**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**



## နှိုးဆော်လွှာ

မြတ်ဗုဒ္ဓ၏ ဆံတော်မြတ်(၇)ဆူ၊ ဓာတ်တော်မြတ်(၁၀)ဆူ ကိန်းဝပ်စံပယ်တော်မူသော လွန်ခဲ့သည့်နှစ်ပေါင်း (၂၆၀၀)ကျော်က တည်ထားကိုးကွယ်ခဲ့သည့် ရှေးဟောင်း သမိုင်းဝင် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီးနှင့် အရံစေတီတော်(၁၈)ဆူတို့အား ပွင့်လင်းရာသီတွင် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူသွားရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ရွှေသင်္ကန်းကပ်လှူပူဇော်လိုသူ ရဟန်းရှင်၊ လူ ပြည်သူများသည် ဂေါပကအဖွဲ့ရုံး ဖုန်းနံပါတ်(၀၉-၄၅၉၂၄၅၅၉၄)နှင့် (၀၉-၄၄၆၈၉၀၀၁၉)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြပါကြောင်းနှင့် ရွှေစင်ရွှေပြား ရွှေသင်္ကန်း ကပ်လှူပူဇော်လိုသူများကိုလည်း သီးခြားအထူးပြု ဆောင်ရွက်ပေးသွားမည်ဖြစ်၍ ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ Star City Estate, City Villa, မြေကွက်အမှတ်-CV-59A၊ အကျယ်(၄၀'x၆၀')၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား သန်လျင်အိမ်ရာမြေဖွံ့ဖြိုးရေးလီမိတက်၏ အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဒေါ်လီရွှင်အိုက်[၁၃/မဆတ(နိုင်)၀၃၀၇၇၁]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများမှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ ထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေး ဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ကေသီဖြိုးကျော် (LL.B,D.B.L,D.M.L)** — **ဦးဟန်လင်းအောင် ( LL.B )**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၈)** — **အထက်တန်းရှေ့နေ (စဉ်-၅၆၆၆၈)**

**အမှတ်-၇၅၁(ပ-ထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ရုံးဖုန်း-၀၉-၈၈၆၆၉၅၉၆၆၊ ဖုန်း-၀၉-၄၂၄၁၆၈၉၈၉၊ ၀၉-၉၇၂၁၂၈၂၁၅**

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၂-ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ တိုက်အမှတ်-B-1 (၅၀၄)ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့်(၄)ခန်းတွဲ၊ (၈)ထပ်တိုက်၏(၅-လွှာ)၊ (ပဉ္စမထပ်)၊ အကျယ်( ၆၀၀ )စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းအမည်ပေါက်ပိုင်ရှင် ဦးဇင်ထိုက်[၁၂/လကန(နိုင်)၀၇၂၅၉၄]ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးအောင်စောမင်း[၉/အမဇ(နိုင်)၀၀၄၁၈၄]မှ မိမိတစ်ဦးတည်း ပိုင်ဆိုင်၍ လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် နှစ်ဖက် သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ကေသီဖြိုးကျော် (LL.B,D.B.L)** — **ဦးဟန်လင်းအောင်(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၈)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၆၆၆၈)**

**အမှတ်(၇၅၁)(ပထမထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ရုံးဖုန်း-၀၉-၈၈၆၆၉၅၉၆၆**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ အကွက်အမှတ်(၇၅)ကွင်းရပ်၊ ဦးပိုင်အမှတ်(၂၂/ဃ)၊ ဧရိယာ(၀.၀၂၇)ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့သည် မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာန မှတ်ပုံတင်(၁-က)စာရင်းတွင် ဦးမိုဟာမက်ယာဆင် အမည်ပေါက်ပါသည်။ အမည်ပေါက် ပိုင်ဆိုင်သူ ဦးမိုဟာမက်ယာဆင်ထံမှ ဦးဇော်ထက်က " မြေကွက်သက်သက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်" မှတ်ပုံတင်စာချုပ်အမှတ် - ၂၂၈/၂၀၂၅ အရဝယ်ယူခဲ့ပါသည်။ ယခုအခါ ဦးဇော်ထက်က ၎င်း၏အမည်သို့ ပြောင်းလဲပေးရန်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက ဦးဇော်ထက်မှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊**
**မော်လမြိုင်မြို့။**

## ပတ်စ်ပို့ပျောက်

မောင်ထက်အာကာဝင်း (ဘ) ဦးကိုကိုဝင်း [၁၂/ပဘတ(နိုင်) ၀၃၄၄၀၅]ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(၅၄၃၈၁၈) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၂၈၇၅၄၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈၊ မြေကွက်အမှတ်-၁၃-က-၁/၂၁၊ မြေကွက်တည်နေရာအမှတ်- ၅၊ ဗိုလ်တေဇ(၂)လမ်း၊ (ဂ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဒေါ်ညစ်လှိုင်[၁၂/လမတ(နိုင်)၀၁၃၅၅၆]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါ်ညစ်လှိုင်(မိခင်)သည် (၂၂-၇-၂၀၂၁)ရက်နေ့တွင် လည်းကောင်း၊ (ဖခင်)တန်ကန်ချုန်(ခ)ဦးအောင်ခင်သည် (၃၁-၁-၂၀၀၆)ရက်နေ့တွင်အသီးသီး ကွယ်လွန်သဖြင့် ဦးအောင်ကျော်ဦး [၁၂/လမတ(နိုင်)၀၂၅၆၀၃]၊ ဒေါ်အေးအေးမော်[၁၂/လမတ(နိုင်)၀၁၅၉၂၉]၊ ဦးအောင်ကျော်ထွေး[၁၂/လမတ(နိုင်)၀၁၅၉၂၄]၊ ဦးအောင်ကျော်ဌေး[၁၂/လမတ(နိုင်)၀၃၄၇၅၈]တို့မှ တရားဝင်သား၊ သမီးများတော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မှမရှိကြောင်း ကျမ်းကျိန်လွှာအမှတ်(၃၅၇၂/၂၀၂၅)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်း၊ နိုင်/ကတ်တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ်(တ-၇/ည)၊ ဦးပိုင်အမှတ်-(၄၂)/၆၉လမ်းနှင့် ၁၀၂(အေ)လမ်းထောင့်ရှိဂရန်မြေကွက် အမည်ပေါက်သော ဦးနေဝင်း[၉/မရမ(နိုင်)၀၇၀၄၃၄]၊ ဒေါ်ဥမ္မာတင်မောင် [၉/မရမ(နိုင်)၀၅၉၄၃၆] တို့၏ (SPရရှိသူ ဒေါ်မြင့်မြင့်ချို) က အမှုတွဲအမှတ်(၄၀၅၀/ ၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သမိုင်းဝင် ကျိုက္ကစံ ဆံတော်ရှင်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်အတွက် ငြမ်းဆင်/ငြမ်းဖျက်လုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ငြမ်းဆင်/ငြမ်းဖျက်လုပ်ငန်းကို လုပ်အားခဖြင့် ဆောင်ရွက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ (၂-၁၂-၂၀၂၅)နေ့ ညနေ(၃)နာရီ နောက်ဆုံးထားပြီး ဂေါပကအဖွဲ့ရုံးသို့ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရုံးဖုန်း-၀၉-၄၅၉၂၄၅၅၉၄၊ ၀၉-၄၄၆၈၉၀၀၁၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ကျိုက္ကစံဆံတော်ရှင်စေတီတော်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

`ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ အင်းဝအိမ်ရာ၊ တိုက်အမှတ်(၄)၊ အခန်းအမှတ်(၀၀၁)၏ အမည်ပေါက် ဒေါ်နှင်းဦးဝေ [ ၁၃/ တကန(နိုင်)၁၅၆၇၂၈ ]ထံမှ ဦးအောင်မင်းမြတ်[၁၄/ဖပန(နိုင်)၁၉၁၃၅၁]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်း ပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊**
**၀၆၇-၃၄၀၇၅၄၇**

## "ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင်(၇)လမ်း၊ အမှတ်(၂၆) ပဉ္စမထပ်/၆လွှာ(ခေါင်းရင်းခန်း) တိုက်ဘက်မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း အကျယ်အဝန်း (၁၂ ½ ပေx ၅၀ပေ)ရှိ တိုက်ခန်း အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာ"

အထက်ဖော်ပြပါ လိပ်စာရှိ တိုက်ခန်းသည် ဦးခင်ဇော်[၁၂/လမန(နိုင်)၀၁၁၁၃၈]မှ တရားဝင်ပိုင်ဆိုင် အကျိုးခံစားလျှက် ရောင်းချပိုင်ခွင့်ရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်ချစ်ပိုပိုဦး[၁၂/လသယ(နိုင်)၀၅၄၄၁၄]မှ ဘဏ်ချိတ်စနစ်ဖြင့် အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချစ်ပိုပိုဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၂၄၂၄၈၂၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ ဗိုလ်မှူးအေးချိုလမ်း၊ မြေကွက်အမှတ်(၁၂၆၉)၊ အကျယ်အဝန်း(၄၀'x၆၀')၊ အမည်ပေါက် ဦးထွေး ဟုခေါ်တွင်သော မြေကွက်အနက်မှ တရားဝင် မခွဲစိတ်ရသေးသော အကျယ်အဝန်း(၂၀'x၆၀')ရှိ ပါမစ် မိတ္တူခြမ်းမြေကွက်နှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်မှ မေတ္တာဖြင့်ပေးအပ်ထားသောအရပ်ကတိ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းမရှိ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်စန်းစန်းလှိုင်[၁၂/ဥကတ(နိုင်)၀၁၆၈၃၅]၊ ဒေါ်မျိုးသန္တာမောင်[၁၂/ဥကတ(နိုင်)၁၇၇၈၈၃]တို့မှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဘုန်းမြင့် [၁၂/ လမန(နိုင်)၁၇၂၄၄၄]ထံသို့ ရောင်းချရန် ကမ်းလှမ်းပြောဆိုရာ ကျွန်ုပ်၏ မိတ်ဆွေတို့မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဌေး( LL.B) အထက်တန်းရှေ့နေ(စဉ်-၄၁၈၂၂)**
**အမှတ်(၈/၃၇၅-က)၊ ယင်းမာလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၆၁၈၀၅၄၆၊ ၀၉-၄၂၆၅၉၉၂၃၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ (၁၂)ရပ်ကွက်၊ ဇီဇဝါလမ်း၊ မြေကွက်အမှတ်(၄၁၃)ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်ကျော်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း(၄၀x၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦးနှင့်ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးနေလင်းအောင်[၁၂/စခန(နိုင်)၀၅၈၅၈၅]မှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမိုးဇက် [၁၂/ရပသ(နိုင်)၀၈၇၈၅၅]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏ မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမိုးဇက်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဖြူဝေဝေအောင် LL.B, D.B.L** — **ဒေါ်ယမင်းဖြူဖြူသိန်း LL.B (Q)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၅၀)** — **အထက်တန်းရှေ့နေ(စဉ်-၅၇၀၅၃)**

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများနှင့်ကုန်စည်ပွဲရုံများ ဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တည်းကုန်းရပ်ကွက်၊ ရွှေပြည်သာတံတားလမ်းနှင့်ပုလဲလမ်း ထောင့်တွင်တည်ရှိသော တည်းကုန်းလက်ကားဈေးကြီး အတွင်းရှိသော (၂)ခန်းတွဲ (၄)ထပ် အဆောက်အဦရှိ အကြီးစားပွဲရုံ/ရုံးခန်း/လူနေအဆောက်အအုံအမှတ်- A10 (B)၊ အခန်းအမှတ်- 002၊ အကျယ်အဝန်း(၁၄၉၉)စတုရန်းပေ (၁၈ ပေ ၁၀လက်မx၅၆ ပေ) ရှိသော မြေညီထပ်(ထပ်ခိုးအပါအဝင်) လူနေဆိုင်ခန်းနှင့် ယင်းဆိုင်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ **ဒေါ်ခင်ရှိန် [၁၂/ပဇတ(နိုင်)၀၂၁၀၄၉]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါလူနေဆိုင်ခန်းနှင့် ယင်းလူနေဆိုင်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆိုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအုန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်"

